ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ (2-12-2015) (၈၄၀၂)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုနိုင်ငံတည်ထောင်သည့် နှစ်ပတ်လည်နေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် နှစ်(၄၀)ပြည့် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် နှစ်(၄၀)ပြည့် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် သွန်ဆင်းသမာဗောင် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



ယမန်နှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် မြင်ကွင်း။

**လဟယ် ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နှစ်စဉ် ကျင်းပသည့် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို လာမည့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် လဟယ်မြို့၌ ယခင်နှစ်များကဲ့သို့ နာဂရိုးရာအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

နာဂရိုးရာ နှစ်သစ်ကူးပွဲတော် ကျင်းပမည့် အခြေအနေနှင့်ပတ်သက်ပြီး ဒေသခံတစ်ဦးက "နာဂရိုးရာနှစ်သစ်ကူးပွဲတော်က နာဂတောင်တန်းဒေသမှာ နှစ်စဉ်ကျင်းပတဲ့ ရိုးရာပွဲတော်ဖြစ်ပါတယ်။ ဒီပွဲတော်လေးမှာ တိုင်းရင်းသားညီအစ်ကိုတွေ တစ်ဦးနဲ့ တစ်ဦး ခင်မင်စွာ တွေ့ဆုံကြပြီး သွေးစည်းချစ်ကြည်လာစေရန် ရည်ရွယ်ပါတယ်။ ကျွန်တော်တို့ နာဂလူမျိုးတွေ အထွတ်အမြတ်ထားတဲ့ ဒီပွဲတော်ကိုရောက်ပြီဆို အများကြီးပျော်ပါတယ်။ မီးပုံပွဲမှာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်၊ ကျေးရွာအသီးသီးမှ နာဂရိုးရာအကအဖွဲ့များ စုပေါင်းကပြဖျော်ဖြေကြတယ်။ ကျွန်တော်တို့ နာဂရိုးရာသီချင်းဖြင့် အနယ်နယ်အရပ်ရပ်က ပွဲတော်ကို လာရောက်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုတွေ၊ ဒေသခံတိုင်းရင်းသားတွေနဲ့ နိုင်ငံခြားသား ဧည့်သည်တွေကို စုပေါင်းပျော်ရွှင်စွာ ပါဝင်ကခုန်ဆင်နွှဲကြတယ်။ နာဂပွဲတော်မှာ ရိုးရာပြခန်းအပြင် ဌာနဆိုင်ရာအဖွဲ့တွေရဲ့ ဗဟုသုတအဖြစ် လေ့လာချင်စဖွယ် ပြခန်းတွေ၊ ကျန်းမာရေးအသိပညာပေး ပြခန်းတွေနဲ့ ဈေးဆိုင်တွေ၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ✱**

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

# လူ့အသက်တစ်ချောင်းကို ရှေးဦးပြုစုခြင်းပညာဖြင့် ကယ်တင်

**သတင်းဆောင်းပါး - ကျော်စိုးဦး(မန္တလေး)**

"ဘယ်သူလဲဟ ဘယ်သူလဲ ဟဲ့. ဩော်. . ဒုက္ခပါပဲ သွေးတွေလည်း ဗရပွနဲ့" ဆိုသည့် အသံတွေကား. . .

နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က နွားထိုးကြီးမြို့နယ် ရိုးမရွာထိပ်နားသို့ ဖြတ်သန်းစဉ် စိတ်မချမ်းမြေ့ဖွယ်မြင်ကွင်းမှ ဆူညံသံများပင်။

အဆိုပါ နေရာသို့ ရွာထဲမှလူများ တစ်ယောက်စ နှစ်ယောက်စ ထွက်လာရာမှ လူစုတစ်စုဖြစ်လာခဲ့လေပြီ။ သို့သော် တချို့က လမ်းမပေါ်ကိုငေးကာ ဆုတောင်းခြင်းပြုနေပြီ။ တချို့ကလည်း လမ်းမပေါ်တွင် အရာတစ်ခုခုကို မျှော်နေသလို တချို့ကလည်း ထိုလူကို စူးစူးစိုက်စိုက် ကြည့်နေကြပြီး ဘာမျှမကူညီနိုင်။

ထိုအဖြစ်အပျက်မှာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ကြက်ခြေနီအသင်းခွဲများ စွမ်းဆောင်ရည်မြင့်မားရေး ရှေ့လုပ်ငန်းစဉ်များ တိုးတက်ဖွံ့ဖြိုးရေးအစီအစဉ်အတွက် စနစ်တကျရေးဆွဲနိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိစဉ် တွေ့မြင်ခဲ့ရခြင်းဖြစ်သည်။

ကျွန်တော်တို့ ငှားစီးလာသော အငှားကားငယ်မှာ လူအများစုဝေးရာအရောက်တွင် ရပ်တန့်လိုက်ပြီး ဆရာ ဦးကျော်ကျော်၊ ကျွန်တော် ကျော်စိုးဦး(မန္တလေး) နှင့် ကိုဝင်းလွင်ထွန်းတို့ပါဝင်သော MRCS Mandalay BOCA Team အဖွဲ့ ကားပေါ်မှဆင်းကာ လဲကျနေသော လူနာ၏အသက် ကယ်တင်နိုင်ဖို့ ကြိုးစားကြသည်။

"အစ်မ ဒါဘာဖြစ်တာလဲဗျ"။ "ဦးလေး ဘယ်လိုဖြစ်တာလဲ"။ "မသိပါဘူး ငါ့တူရယ် သူတစ်ယောက်တည်း ဆိုင်ကယ်စီးလာတာ၊ လမ်းဘေးကို ဆိုင်ကယ်မှောက်ပြီး လိမ့်ကျလာတာ၊ ဦးလေးတို့လည်း ဘာဖြစ်တာလဲလို့ ပြေးလာကြည့်တာလေ" ဟု ရွာမှ ဦးမောင်က ပြောပြသည်။ တစ်ဆက်တည်းပင် အမျိုးသမီးတစ်ဦးက "ဒီလူက အမူးလွန်ပြီး ဆိုင်ကယ်မောင်းလာရင်း ဒီလိုဖြစ်သွားတာပဲ" ဟု ဆက်ပြောပြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**





## ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော်　ဒီဇင်ဘာ　၂**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် နှစ်(၄၀)ပြည့်နှစ်ပတ်လည် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ ဘွန်ညံ ဗိုရာချစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

## ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော်　ဒီဇင်ဘာ　၂**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် နှစ်(၄၀)ပြည့် နှစ်ပတ်လည် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ ဘွန်ညံ ဗိုရာချစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။
**(သတင်းစဉ်)**

## ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော်　ဒီဇင်ဘာ　၂**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် နှစ်(၄၀)ပြည့် နှစ်ပတ်လည် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ထောင်လွန်းဆီဆုလစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

# နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (မူကြမ်း) ရေးဆွဲမှု သတ်မှတ်ရက်မတိုင်မီ ပြီးစီးနိုင်မည်

**ရန်ကုန်　ဒီဇင်ဘာ　၁**

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် (မူကြမ်း) ရေးဆွဲရေးကော်မတီတွင် ပါဝင်သည့် အစုအဖွဲ့ သုံးစုမှ စုစုပေါင်းကိုယ်စားလှယ် ကိုးဦးသည် နိုင်ငံရေး မူဘောင် (မူကြမ်း) အသေးစိတ်ရေးဆွဲခြင်းအား ဒီဇင်ဘာ ၁ ရက်မှ စတင်ကာ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ ရေးဆွဲလျက်ရှိသည်။

ဒီဇင်ဘာ ၁ ရက်မှ ၅ ရက်အထိ သတ်မှတ်၍ ရေးဆွဲလျက်ရှိသည့် မူဘောင်(မူကြမ်း)တွင် နိုင်ငံတော် အစိုးရအစုအဖွဲ့မှ ဗိုလ်ချုပ်မြင့်နွယ်၊ ဦးလှမောင်ရွှေနှင့် ဒေါက်တာကျော်ရင်လှိုင်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့မှ ဒေါက်တာဆလိုင်းလျန်မှုန်း ဆာခေါင်း၊ ရဲဘော်မျိုးဝင်းနှင့် စောကျော်ညွန့်၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးသုဝေ၊ စိုင်းကျော်ညွန့်နှင့် ဦးနိုင်ငံလင်းတို့က မူကြမ်းရေးဆွဲသူများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ ယင်းသို့ရေးဆွဲရာတွင် အစုအဖွဲ့ အသီးသီး၏ အလုပ်အဖွဲ့နှင့် အကြံပေးများ ပါ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

နိုင်ငံရေးပါတီ ကိုယ်စားလှယ်များအစုအဖွဲ့မှ စိုင်းကျော်ညွန့်က "တိုးတက်မှုရှိပါတယ်။ အရင်ရက်တွေကတည်းက မူကြမ်းဆွဲနေတဲ့အခန်းအားလုံးမှာ ပါဝင်မယ့်အကြောင်းအရာတွေကို ပြောထားပြီးပြီ။ Drafter ဆိုတာက မူကြမ်းရေးဆွဲရေးကော်မတီမှာ ပါဝင်တဲ့ လူဦးရေများတဲ့အတွက် လူပြန်ရွေးပြီး စာချောရေးတဲ့သဘောပါပဲ။ ရှေ့ရက်တွေမှာ လုပ်ခဲ့တဲ့ မူကြမ်းရေးဆွဲရေးကော်မတီအနေနဲ့ သူ့အပိုင်းတစ်ခုချင်းစီကို ဆွေးနွေးပြီးသွားပြီ။ ကျွန်တော်တို့အနေနဲ့ အရင်ဆုံးမူကြမ်းတစ်ခုထွက်လာအောင် ပြင်ဆင်ဖို့ ဆောင်ရွက်တာ သက်သက်ပါပဲ" ဟု ပြောသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)ကိုအစိုးရ၊ တပ်မတော်၊ လွှတ်တော် အစုအဖွဲ့၊ NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့မှ အစုအဖွဲ့တစ်ခုလျှင် ကိုယ်စားလှယ် ၁၆ ဦးစီဖြင့် ဖွဲ့စည်းခဲ့သည်။ ယင်းနောက် UPDJC တွင် ပါဝင်သောအစုအဖွဲ့ သုံးစုမှ နိုင်ငံရေးမူဘောင်မူကြမ်းရေးကော်မတီကို အစုအဖွဲ့ တစ်ခုလျှင် ကိုယ်စားလှယ်ရှစ်ဦးစီဖြင့် ဖွဲ့စည်းခဲ့သည်။ ဒီဇင်ဘာ ၁ ရက်တွင် အစုအဖွဲ့တစ်ခုလျှင် မူကြမ်းအသေးစိတ်ရေးသားမည့် ကိုယ်စားလှယ် သုံးဦးစီဖြင့် နိုင်ငံရေးမူဘောင်(မူကြမ်း) ရေးသားခြင်းကို စတင်ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၁ ရက်မှ စတင်၍ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (မူကြမ်း) အသေးစိတ်ရေးသားနေမှုအပေါ် နိုင်ငံရေးပါတီအစုအဖွဲ့မှ စိုင်းကျော်ညွန့်က "ဒီဇင်ဘာ ၅ ရက်မတိုင်မီမှာ မူကြမ်းအသေးစိတ်ရေးတာပြီးနိုင်ပါတယ်။ နောင်လာမယ့် အစိုးရကော၊ လက်မှတ်မထိုးသေးတဲ့ အဖွဲ့တွေကော၊ တပ်မတော်အတွက်ပါ အားလုံးအတွက် မျှမျှတတစဉ်းစားပြီး တက်ညီလက်ညီလုပ်ဆောင်ကြရင်တော့ အောင်မြင်မယ်ထင်ပါတယ်။ တိုင်းပြည်အတွက် စိတ်ကောင်းစေတနာ တကယ်ထားပြီးလုပ်မယ်ဆိုရင်တော့ အောင်မြင်သွားမယ်လို့ ထင်ပါတယ်" ဟု ပြောကြားသည်။

**နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်(မူကြမ်း) အသေးစိတ်ရေးဆွဲခြင်း ဆောင်ရွက်နေစဉ်။**



**သတင်း- ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်**
**ဓာတ်ပုံ - MPC**

### ❖ ရှေ့ဖုံးမှ

လူနာမှာသတိရတစ်ချက် မရတစ်ချက်။ ထိမှုအာရုံအားလုံး သိရှိသည်။ ထို့ကြောင့် သတိရနေသော လူနာ၊ ဦးခေါင်းပိုင်းတချို့နေရာက ပျော့နေပြီ။ တချို့နေရာက ဘုထနေသလို ဖြစ်နေသည်။ ဦးခေါင်းဒဏ်ရာဟု ကျွန်တော်တို့ယူဆမှတ်တမ်းတင်မိပြီး ဆက်လက်စမ်းသပ်ရာ လည်ဆစ်ရိုး ခုနစ်ရိုး ဘာမျှမထိခိုက်၊ လက်တွင် ထိခိုက်ဒဏ်ရာ၊ ရင်အုံတွင် ပွန်းပဲ့ဒဏ်ရာ၊ တင်ပဆုံကွင်းဘာမျှမဖြစ်။ စိတ်မကောင်းစရာ ခြေထောက်ပိုင်းတွင် ညာဘက်ခြေသန်းသည်ကား ပြတ်သွားပြီး ပြတ်သွားသော ခြေသန်းအား ရှာမတွေ့နိုင်တော့၊ ပြတ်သွားသည့် ခြေသန်းလေးသာရှာတွေ့နိုင်ခဲ့လျှင် စနစ်တကျရှေးဦးပြုစုပြီး ခြောက်နာရီအတွင်း ဆေးရုံပို့လျှင် ပြန်ဆက်နိုင်မည်ဖြစ်သော်လည်း ဖုန်အနည်းငယ်ထူသောနေရာတွင် ရှာဖွေရမလွယ်။ လူနာ၏ အသက်တစ်ချောင်းကို အချိန်မီကယ်တင်ရမည်ဖြစ်ရာ လူနာကိုပင် ဂရုတစိုက် စနစ်တကျပြုစုဖို့မှတစ်ပါး၊ အချိန်မီဆေးရုံဆေးခန်း ပို့ဆောင်ရုံမှတစ်ပါး ရွေးချယ်စရာမရှိတော့ချေ။ အကယ်၍သာ လူထုသည်ပြတ်သွားသော ခြေချောင်းလေးကို ပြန်လည်ဆက်ပေးနိုင်မည်ဟူသည့် ရှေးဦးပြုစုခြင်း နည်းပညာသာ တတ်သိနားလည်ခဲ့ပါလျှင် အဆိုပါခြေသန်းကို သူတို့ရှာဖွေပြီး ကျန်သောဒဏ်ရာတွေလည်း ပြုစုထားလျှင် ကျွန်တော်တို့ဆေးရုံ လိုက်ပို့ရုံမျှဖြင့် ပိုမိုပြီး ကောင်းမွန်မည်။ ယခုတွင်ကား ထိုသို့မဟုတ်၊ လူထုသည် ရှေးဦးပြုစုခြင်းအသိပညာ ဗဟုသုတ မရှိသောကြောင့် လူနာကိုဝိုင်းအုံကြည့်နေရုံမျှ၊ ကျွန်တော်တို့ရောက်ချိန်ထိ ဘာမျှမပြုစုထားနိုင်ခဲ့ပေ။ ကျွန်တော်တို့ရောက်မှ လူနာစမ်းသပ်ခြင်းမှသည် ဒဏ်ရာအားလုံးပြုစု၊ လူနာအကြောင်းအထိ ရေးသားပြုစုခဲ့နိုင်ပြီး စနစ်တကျ ဆေးကုသမှုခံယူနိုင်ရန် ဆေးရုံသို့ပို့ဆောင်ပေးနိုင်ခဲ့သည်။




လူနာစမ်းသပ်အပြီး ပြတ်သွားသော ခြေသန်းတုံးတိပြတ်ဒဏ်ရာအပါအဝင် ဒဏ်ရာများကို သက်ဆိုင်ရာရှေးဦးပြုစုခြင်းများပြုလုပ်အပြီး လူနာ၏ အစ်မဖြစ်သူရောက်လာရာ လူနာအကြောင်းကို စစ်မေးသည်။ နွားထိုးကြီးမြို့နယ် ရိုးမရွာမှ ဦးမိုးညွန့် -ဒေါ်ဝင်းတို့၏ သား အသက်(၂၈)နှစ်ခန့် ကိုညီညီထွန်းဖြစ်နေပေသည်။ စတင်တွေ့ချိန်မှ ကျွန်တော်တို့ပြုစုထားသမျှ လူနာအကြောင်းတို့ကို ကောင်းစွာရေးသားလျက် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးပြည်သူ့ဆေးရုံကြီးသို့ စနစ်တကျဆေးကုသမှုရရှိရေးအတွက် ကောင်းမွန်စွာလွှဲပြောင်းပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ ရှေးဦးပြုစုခြင်းအတတ်ပညာများဖြင့် အသက်တစ်ချောင်းမှသည် အသက်ပေါင်းများစွာကို ကူညီကယ်တင်နိုင်ခဲ့သည်။

ခြေသန်းပြတ်လို့ သွေးတွေဗရပွ၊ ဦးခေါင်းတွင်ကား Head Injury၊ ရင်အုံတွင်လည်းပွန်းပဲ့ဒဏ်ရာကြောင့် သွေးများစိမ့်လို့ထွက်၊ လက်ခြေတို့ကား ဒဏ်ရာများစွာ၊ သွားလာရန်ယာဉ်ကရှားပါးချိန်၊ ဆေးရုံဆေးခန်းသည်ကားဝေးလို့ အကယ်၍သာ ကျွန်တော်တို့ကားနဲ့မဆုံခဲ့သည်ရှိသော် မတွေးဝံ့စရာပင်။ ဘေးဒုက္ခကျရောက်သူ၊ ဘေးအန္တရာယ်ကျရောက်သူတို့အတွက် အဆိုပါဘေးဒုက္ခ၊ ဘေးအန္တရာယ်ကျရောက်သည့် မတော်တဆမှုဖြစ်သောနေရာဒေသရှိ လူထုသည်သာလျှင် အသက်တစ်ချောင်းကို ဦးစွာကယ်တင်နိုင်မည့် အကောင်းဆုံးသော ရှေးဦးပြုစုသူများပင်ဖြစ်သည်။ ထိုသို့ ပြုစုရေးအတွက် လူထုအားလုံးသည် ရှေးဦးပြုစုခြင်းပညာများကို လေ့လာသင်ကြားတတ်မြောက်ထားရန်လိုအပ်သည်။

ရှေးဦးပြုစုခြင်းပညာများ လူတိုင်းတတ်မြောက်စေရေးအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရှေးဦးပြုစုခြင်းသင်တန်းများ အနယ်နယ်အရပ်ရပ်၌ ဖွင့်လှစ်နိုင်ရန် ဝိုင်းဝန်းကူညီ လုပ်ဆောင်ပေးသင့်သည်။ ရှေးဦးပြုစုခြင်းသင်တန်းဖွင့်လှစ်လိုသောသူများ၊ အဖွဲ့အစည်းများကလည်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်ကြက်ခြေနီအသင်းခွဲများတွင် အကူအညီတောင်းခံနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြို့နယ်ကြက်ခြေနီအသင်းခွဲများစွမ်းဆောင်ရည်မြင့်မားရေးအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏လမ်းညွှန်မှု၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ အနီးကပ်ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မန္တလေးတိုင်းဒေသကြီး အသင်းခွဲများ ဖွံ့ဖြိုးတိုးတက်ရေး ဆန်းစစ်လေ့လာညှိနှိုင်းရေးအဖွဲ့ (Branch Organization Development Assessment MRCS, Mandalay Team)(MRCS, Mdy BOCA Team) သည် အကောင်းဆုံးသော ရှေးဦးပြုစုရေးလုပ်ငန်း ဦးဆောင်သူများပင်ဖြစ်သည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ဦးဆောင်မှုဖြင့် လူထုအားလုံးသည် ရှေးဦးပြုစုခြင်းပညာများကို လေ့လာသင်ကြားသင့်သော အချိန်အခါပင်ဖြစ်ပါကြောင်း ဖြစ်ရပ်မှန်သတင်းဆောင်းပါးလေးနှင့် ပညာပေးမျှဝေမိပါသည်။

သင်သည် သဘာဝတရား အရာရာကို သတိမမူလျှင်၊ သတိမကပ်လျှင် သဘာဝပတ်ဝန်းကျင်သည်ကား သင့်အားဒုက္ခပေးတတ်သည်။ အဘယ်ကြောင့်ဆိုသော် လူတိုင်းသည် ဘေးအန္တရာယ်ကျရောက်လွယ်သူများဖြစ်သောကြောင့်ပင်တည်း( Every one is Venerable )။ ။

**(ဤစာမူမှာ စာရေးသူ၏ ဖြစ်ရပ်မှန်သတင်းဆောင်းပါးဖြစ်ပါသည်)**

## အလွဲသုံးစားမှုနှင့် အကျင့်ပျက်မှုများကြောင့် တရုတ်တက္ကသိုလ်များမှ တာဝန်ရှိသူများအား အရေးယူ

**ပေကျင်း ဒီဇင်ဘာ ၁**

တရုတ်တက္ကသိုလ်များမှ တာဝန်ရှိသူ အမြောက်အမြားကို အလွဲသုံးစားမှု၊ အကျင့်ပျက်ခြစားမှုများဖြင့် အပြစ်ပေးခဲ့ကြောင်း ပညာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

သမီးဖြစ်သူလက်ထပ်မင်္ဂလာပွဲကျင်းပရန် သူ၏ရာထူးအရှိန်အဝါ အသုံးပြုမှုကြောင့် ဗဟိုဂီတကောလိပ်ကျောင်းအုပ်ကြီး ဝန်စီကျောင်အပေါ် ပညာရေးဝန်ကြီးဌာနက ပြင်းထန်သောသတိပေးအရေးယူမှုတစ်ရပ်ပြုလုပ်ခဲ့ပြီး ၎င်းအား ကောလိပ်ကျောင်းအုပ်ကြီးရာထူးမှ တာဝန်ပြောင်းလဲစေခဲ့သည်။ ပေကျင်းစာတိုက်နှင့် ဆက်သွယ်ရေးတက္ကသိုလ်မှ တာဝန်ရှိသူများမှာ တရားမဝင်အမြတ်များရရှိရန် အယောင်ဆောင်အသုံးစရိတ်များ စာရင်းသွင်းသည်ကိုတွေ့ရှိခဲ့သည်။ ယင်းတက္ကသိုလ်အကြီးအကဲ ဝန်ယာကျိုနှင့် ဒုတိယအကြီးအကဲ ဒေါင်စီတို့ကို သတိပေးမှုများပြုလုပ်ကာ ဒုတိယကျောင်းအုပ်ကြီး ရန်ဖန်ချွန်အား ထုတ်ပယ်ခဲ့သည်။

ဒုတိယကျောင်းအုပ် လျူယာနှင့် အပြည်ပြည်ဆိုင်ရာစီးပွားရေးတက္ကသိုလ် အကြီးအကဲဟောင်း တန်ဂူလျန်တို့အား တရားမဝင်အချိန်ပိုင်းအလုပ် လုပ်ကိုင်မှုများကြောင့် ပြင်းထန်သောသတိပေးမှုများပြုလုပ်ခဲ့ပြီး အလုပ်မှ ထုတ်ပစ်ကာ ရာထူးအဆင့်လျှော့ချခဲ့သည်။ ၎င်းတို့၏ တရားမဝင် ဝင်ငွေကို နိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းယူမည်ဖြစ်သည်။ အကျင့်ပျက်ခြစားမှုအတွက် သက်ညှာမှုရှိမည်မဟုတ်ကြောင်း လူသိရှင်ကြားထုတ်ပြန်ထားပြီး တရုတ်နိုင်ငံအနေဖြင့် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကို ခိုင်မာစွာဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း ပညာရေးဝန်ကြီး ယွမ်ဂူရန်က ပြောကြားသည်။ တရုတ်နိုင်ငံက မကြာသေးမီကာလများအတွင်း တက္ကသိုလ်များ၌ အကျင့်ပျက်ခြစားမှုဆန့်ကျင်ရေး အရေးယူမှုများဆောင်ရွက်ခဲ့သည်။ ပြီးခဲ့သည့် နိုဝင်ဘာ ၂၄ ရက်က တရုတ်ဆက်သွယ်ရေးတက္ကသိုလ်မှ ထိပ်တန်းတာဝန်ရှိသူရှစ်ဦးအား တန်ဖိုးကြီးကားများ၊ ရုံးခန်းများပိုင်ဆိုင်မှုနှင့် တက္ကသိုလ်၏ ပရမ်းပတာဖြစ်နေသော ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုကို ထိမ်ချန်ကွယ်ဝှက်ရန်ကြိုးစားမှုကြောင့် အပြစ်ပေးခဲ့ရသည်။

**ဆင်ဟွာ။**




## ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု စောင့်ကြည့်မည့်ဂြိုဟ်တုများ တရုတ်လွှတ်တင်မည်

**ပေကျင်း ဒီဇင်ဘာ ၁**

တရုတ်နိုင်ငံသည် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ ထုတ်လွှတ်မှုများအား လေ့လာစောင့်ကြည့်မည့် ဂြိုဟ်တုများကို လွှတ်တင်သွားရန် စီစဉ်လျက်ရှိကြောင်း နိုင်ငံပိုင် ဆင်ဟွာ သတင်းဌာနက ဒီဇင်ဘာ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ညီလာခံတက်ရောက်ရန် ကမ္ဘာ့ခေါင်းဆောင် ၁၅၀ ကျော် စုဝေးရောက်ရှိနေစဉ် တရုတ်နိုင်ငံက ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု လေ့လာစောင့်ကြည့်ရေးဂြိုဟ်တုများ လွှတ်တင်မည့်အစီအစဉ်ကို ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချကာ ကမ္ဘာ့စီးပွားရေးကို တည်ဆောက်ရန် ရည်ရွယ်သည့် သဘောတူညီချက်တစ်ရပ် ပေါ်ထွက်လာရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြရန် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဘာရက်အိုဘားမားတို့က ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုညီလာခံတွင် ထုတ်ဖော်ပြောကြားခဲ့ကြသည်။

တရုတ်နိုင်ငံ၏ ပထမဆုံးသော ကာဗွန်လေ့လာစောင့်ကြည့်ရေးဂြိုဟ်တုနှစ်လုံးကို လာမည့်မေလထက် နောက်မကျဘဲ လွှတ်တင်နိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံ သိပ္ပံအကယ်ဒမီအောက်ရှိ အဖွဲ့အစည်းတစ်ရပ်က ကာဗွန်လေ့လာစောင့်ကြည့်ရေး ဂြိုဟ်တုများကို လေးနှစ်ကြာမျှ သုတေသနပြု တည်ဆောက်ခဲ့သည်။

အကယ်၍ တရုတ်နိုင်ငံသည် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု လေ့လာစောင့်ကြည့်ရေးဂြိုဟ်တုများကို အောင်မြင်စွာလွှတ်တင်နိုင်မည်ဆိုပါက ဂျပန်နှင့် အမေရိကန်တို့ပြီးလျှင် ယင်းသို့သော ဂြိုဟ်တုလွှတ်တင်သည့် တတိယမြောက်နိုင်ငံ ဖြစ်လာမည်ဖြစ်သည်။

**ဆင်ဟွာ။**

## အိန္ဒိယနယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ နယ်နိမိတ်ဖြတ်ကျော် ဝင်ရောက်မှု အလွန်အမင်းစိုးရိမ်ပူပန်မိဟု နီပေါပြောကြား

**ခတ္တမန္ဒူ ဒီဇင်ဘာ ၁**

အိန္ဒိယနယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင် ၁၃ ဦးသည် နီပေါအာဏာပိုင်များအား အသိပေးခြင်းမရှိဘဲ နိုင်ငံ၏ နယ်ခြားဒေသနယ်မြေအတွင်းသို့ ဝင်ရောက်လာခဲ့ခြင်းနှင့် ပတ်သက်၍ အလွန်အမင်းစိုးရိမ်မကင်းဖြစ်ရကြောင်း နီပေါနိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာ ၃၀ ရက်တွင် သတင်းကြေညာချက်ထုတ်ပြန်သည်။

နိုဝင်ဘာ ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခန့်တွင် နီပေါနိုင်ငံ ပနာပါခရိုင် ကီချနာကျေးရွာနယ်နိမိတ်အတွင်းသို့ အိန္ဒိယနယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင် ၁၃ ဦးတို့ ဝင်ရောက်ခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။

အိန္ဒိယနယ်ခြားစောင့်ရဲတပ်ဖွဲ့ အချို့အား နီပေါနိုင်ငံပိုင်နက်နယ်မြေအတွင်း လက်နက်ကိရိယာ အပြည့်အစုံဖြင့် တွေ့မြင်ခဲ့ရကြောင်း နီပေါပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အိန္ဒိယအစိုးရ အာဏာပိုင်များနှင့် ခတ္တမန္ဒူမြို့ရှိ နီပေါနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးသို့ ယခုကဲ့သို့ ဖြစ်ရပ်များ အနာဂတ်တွင် မဖြစ်ပေါ်ရေးအတွက်အာမခံမှုများ ပြုလုပ်ရန် နီပေါပြည်ထဲရေးဝန်ကြီးဌာနက တောင်းဆိုခဲ့ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။ နီပေါနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ပိုင်နက်နယ်မြေအတွင်း အိန္ဒိယနယ်ခြားစောင့်တပ်ဖွဲ့ဝင်များက နီပေါအာဏာပိုင်များအား အသိမပေးဘဲ ဝင်ရောက်မှုများသည် လွန်ခဲ့သည့် ရက်သတ္တပတ်အနည်းငယ်အတွင်း၌ ဒုတိယအကြိမ်အဖြစ် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

နိုဝင်ဘာ ၂၆ ရက်က နီပေါနိုင်ငံအတွင်းသို့ အိန္ဒိယနယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ဝင်ရောက်ပြီး သေနတ်ဖြင့်ပစ်ခတ်ခဲ့မှုကြောင့် နီပေါနိုင်ငံသားလေးဦး ထိခိုက်ဒဏ်ရာရခဲ့သည့် ဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပေးရန် နီပေါအစိုးရက အိန္ဒိယအစိုးရအား တောင်းဆိုထားသည်။ ယင်းပစ်ခတ်မှုဖြစ်ပွားသည့် ဒေသမှာ နီပေါနိုင်ငံတောင်ဘက် အိန္ဒိယနှင့် နယ်မြေချင်း ထိစပ်နေသည့် တာရိဒေသဖြစ်သည်။

**ဆင်ဟွာ။**

## ပူတင်က အာဒိုဂန်နှင့် တွေ့ဆုံရန် ငြင်းဆန်

**ပါရီ ဒီဇင်ဘာ ၁**


ရုရှားသမ္မတ ဗလာဒီမာပူတင်သည် တူရကီနိုင်ငံက ရုရှားတိုက်လေယာဉ်ပစ်ချခဲ့မှုကို လူသိရှင်ကြား ထပ်မံစွပ်စွဲရှုတ်ချခဲ့ပြီး ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပလျက်ရှိသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံတွင် တူရကီသမ္မတ ရီဆက်တေယက်အာဒိုဂန်က သီးခြားတွေ့ဆုံရန် ကမ်းလှမ်းမှုကို ငြင်းဆန်ခဲ့သည်။

တူရကီနိုင်ငံက ရုရှားတိုက်လေယာဉ်ကို ပစ်ချခဲ့သည့် နိုဝင်ဘာ ၂၄ ရက်ကတည်းက ရုရှားနှင့် တူရကီနိုင်ငံတို့၏ ဆက်ဆံရေးသည် ဆိုးရွားလျက်ရှိနေခဲ့ပြီး ရုရှားက တူရကီနိုင်ငံကို စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်လျက်ရှိသည်။ ပိတ်ဆို့မှုများတွင် တူရကီနိုင်ငံက ရုရှားနိုင်ငံသို့ တင်ပို့လျက်ရှိသည့် လယ်ယာထွက်ကုန်များလည်း ပါဝင်သည်။ ယင်းသို့ တင်ပို့မှုမှာ နှစ်စဉ် ၁ ဒသမ ၆ ဘီလီယံ ကျော် တန်ဖိုးရှိသည်။ ထို့ပြင် နှစ်နိုင်ငံကြား စင်းလုံးငှားလေယာဉ်များဖြင့် သွားလာမှုကို တားမြစ်သွားမည်ဖြစ်သကဲ့သို့ ပုံမှန်လေကြောင်းလိုင်းများကိုလည်း ကန့်သတ်သွားမည်ဟု ရုရှားတာဝန်ရှိသူများက ပြောကြားသည်။

ရုရှားတိုက်လေယာဉ်များသည် တူရကီနိုင်ငံကို ခြိမ်းခြောက်နေခြင်းမဟုတ်သည့်အတွက် လေယာဉ်ကို ပစ်ချရန် မလိုအပ်ကြောင်း ကမ္ဘာ့ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် ရှင်းလင်းပြောပြခဲ့ကြောင်း ပူတင်က ဒီဇင်ဘာ ၁ ရက်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။ ပူတင်နှင့် တွေ့ဆုံခဲ့သည့် ကမ္ဘာ့ခေါင်းဆောင်များတွင် အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် ဂျာမန်ဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်တို့ ပါဝင်သည်။

ထို့ပြင် တူရကီနိုင်ငံအနေဖြင့် ရုရှားလေယာဉ်ကို ပစ်ချရခြင်းမှာ အိုင်အက်စ်စစ်သွေးကြွများနှင့် အခြားအဖွဲ့များက ထိန်းချုပ်ထားသည့် ဆီးရီးယားရေနံတွင်းများမှ ရေနံများ တူရကီနိုင်ငံသို့ပို့ဆောင်ပေးနေမှုကို ကာကွယ်လိုခြင်းကြောင့်ဖြစ်သည်ဟု ပူတင်က ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**






## ကမ္ဘာကြီးပူနွေးမှု လျှော့ချနိုင်ရေး ၄၃ နိုင်ငံ အဖွဲ့ခေါင်းဆောင်များ တောင်းဆို

**ပါရီ ဒီဇင်ဘာ ၁**

ကမ္ဘာကြီးပူနွေးလာမှုကို ထိန်းချုပ်ပေးနိုင်မည့် နိုင်ငံတကာ သဘောတူညီချက်သစ်တစ်ရပ် ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများကို အများဆုံးတွေ့ကြုံခံစားနိုင်သော နိုင်ငံပေါင်း ၄၃ နိုင်ငံ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့မှ ခေါင်းဆောင်များက တိုက်တွန်းလိုက်ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာကြီးပူနွေးမှုကို လျှော့ချနိုင်ရေးအတွက် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၀၅၀ ပြည့်နှစ်ထက် နောက်မကျဘဲ သုညအဆင့်အထိ လျှော့ချရန်နှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကို ရာနှုန်းပြည့်အထိ မြှင့်တင်ရန် လိုအပ်မည်ဖြစ်သည်။

ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို လျှော့ချခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း ကော်စတာရီကာနိုင်ငံခြားရေးဝန်ကြီး မင်နျူယယ်ဂွန်ဇာလက်က ပြောကြားသည်။

ရာသီဥတုပြောင်းလဲမှု ထိခိုက်လွယ်သော နိုင်ငံများ၏ ဆွေးနွေးရေးအုပ်စုတွင် ဝင်ငွေအလယ်အလတ်ရှိနိုင်ငံများ၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၊ ဖွံ့ဖြိုးဆဲ ကျွန်းနိုင်ငံငယ်များ ပါဝင်သည်။

**ရိုက်တာ။**

# "မည်သည့်အစိုးရကာလမှာဖြစ်စေ အခွန်နဲ့ရပ်တည်တဲ့အစိုးရဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်"

## ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်

**၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွက် အခွန်ကောက်ခံရရှိမှုအခြေအနေနှင့် စပ်လျဉ်း၍ ဒီဇင်ဘာ ၁ ရက်တွင် ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးနှင့် ဒေါ်ခင်စန်းလှိုင်တို့က ဆွေးနွေးခဲ့ကြသည်။**

**အဆိုပါ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ ဆွေးနွေးချက်များအပေါ် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်တွင် မူလလျာထားချက်ထက် အခွန်ပိုမို ကောက်ခံရရှိသည့်အခြေအနေ ပြန်လည်ရှင်းလင်းတင်ပြချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-**

ယနေ့ ကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ ၂၀၁၅-၂၀၁၆ ပထမ ခြောက်လပတ်ကာလအတွက် အခွန်ကောက်ခံရရှိမှုနဲ့ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးနှစ်ဦးဆွေးနွေးခဲ့တဲ့အပေါ်မှာ အဓိကအချက်များကို ပြန်လည်ရှင်းလင်းတင်ပြလိုပါတယ်။ ကိုယ်စားလှယ်ကြီးများအနေနဲ့ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့အခွန်တွေ အပြည့်အဝရရှိစေရန် ရည်မှန်းပြီး ဆောင်ရွက်သင့်တဲ့ဟာတွေ ဆောင်ရွက်ရမယ့် အခြေအနေတွေကို ဆွေးနွေးသွားတဲ့အတွက် ကြိုဆိုပါကြောင်းနှင့် ကျေးဇူးတင်ပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

မိမိတို့ တာဝန်ယူခဲ့တဲ့ လေးနှစ်ကျော်၊ ငါးနှစ်သက်တမ်းကာလအတွင်း ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ အကြီးစားဆုံး၊ အဖြစ်ချင်ဆုံးကိစ္စအကြောင်းအရာ တစ်ခုက အခွန်ရရှိငွေတိုးတက်ရေးဖြစ်ပြီး အလေးထားဆောင်ရွက်ခဲ့တဲ့ ကိစ္စလည်းဖြစ်ပါတယ်။ ယခင်ခေတ်အဆက်ဆက်က ရရှိခဲ့တဲ့ အခွန်ကောက်ခံရငွေတွေထက် နှစ်စဉ်တိုးတက်ရရှိအောင် အလေးထားဦးစားပေးပြီး ဆောင်ရွက်ခဲ့တယ်ဆိုတာကိုလည်း ကောက်ခံရရှိတဲ့ ဘဏ္ဍာငွေပမာဏများနဲ့ နှိုင်းယှဉ်တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ အခွန်အကောက်ရငွေဆိုတာ အမှန်တကယ်ကောက်ခံရရှိတဲ့ပမာဏကို ဖော်ပြရတဲ့လုပ်ငန်းကြီးဖြစ်ပါတယ်။ ကိန်းဂဏန်းဖော်ပြချက်တစ်ခုအနေနဲ့ ရရှိနေတာမဟုတ်ဘဲ ငွေပမာဏကို အတိအကျရမှသာလျှင် တကယ့်ရငွေအဖြစ် ဖော်ပြရတဲ့လုပ်ငန်းဖြစ်တဲ့အတွက် အင်မတန်ကြိုးစားဆောင်ရွက်ရတဲ့လုပ်ငန်းဖြစ်ပါတယ်။ ခေတ်အဆက်ဆက်က ဆောင်ရွက်ခဲ့တဲ့ စနစ်တွေနဲ့ လူတွေရဲ့ အားနည်းချက်တွေကို အတတ်နိုင်ဆုံးပြုပြင်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ကောက်ခံရရှိတဲ့ ရလဒ်တွေက သက်သေပြနေခြင်းပဲဖြစ်ပါတယ်။ တင်ပြလိုခြင်းအချက်ကတော့ အခွန်အကောက်ရငွေ တိုးတက်ရရှိအောင် ဆောင်ရွက်ခြင်းသည် လွှတ်တော်ကိုယ်စားလှယ်ကြီးများထောက်ပြသလို လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆန္ဒရှိသလို ဘဏ္ဍာရေးဝန်ကြီးဌာနက အလေးထားပြီး ဦးစားပေးဆောင်ရွက်နေတဲ့ လုပ်ငန်းဖြစ်ကြောင်း ပဏာမတင်ပြလိုခြင်းပဲဖြစ်ပါတယ်။

ဆက်လက်ပြီး လုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ အချို့ကိစ္စတွေဟာ လက်တွေ့လုပ်ငန်းနယ်ပယ်မှာ အမှန်တကယ်ဆောင်ရွက်ရတဲ့သူရဲ့ဘက်ကိုလည်း ကြည့်ရတဲ့အနေအထားရှိပါတယ်။ ဆိုလိုရင်းသဘောကတော့ တချို့ဟာတွေမှာ Principle လို့ခေါ်တဲ့ ဥပဒေသနဲ့အညီဆုံးဖြတ်လို့မရဘဲနဲ့ အမှန်တကယ် လက်တွေ့ဆောင်ရွက်တဲ့သူတွေဘက်က Side ကိုလည်း ကြည့်မှသာလျှင် ရရှိသုံးသပ်ချက်တွေဟာ မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာ ရောက်တဲ့အနေအထား ဖြစ်ပါတယ်။ မိမိတင်ပြခဲ့သလို၊ သစ်တောဝန်ကြီးဌာနက တင်ပြခဲ့သလို တချို့ဟာတွေသည် လက်တွေ့လုပ်ငန်းနယ်ပယ်မှာ လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးတင်ပြခဲ့တဲ့ ၅၀ ရာခိုင်နှုန်း သတ်မှတ်ရမယ်ဆိုတဲ့ အချက်ကို ပြန်လည် ဆွေးနွေးခြင်းဖြစ်ပါတယ်။ တစ်သမှတ်တည်း ပထမ ခြောက်လပတ် ၅၀၊ ဒုတိယ ခြောက်လပတ် ၅၀ ဆိုတာဟာ Principle အရ လုပ်လို့ရပေမယ့် အမှန်တကယ်လက်တွေ့ဆောင်ရွက်တဲ့နေရာမှာ သဘောသဘာဝအရ ဌာနတွေရဲ့ ကောက်ခံရတဲ့ သဘောသဘာဝအရ ကွာဟချက်တွေရှိပါတယ်။ ဒါကြောင့် သတ်မှတ်တဲ့ပမာဏဟာလည်း ပထမခြောက်လပတ်နဲ့ ဒုတိယ ခြောက်လပတ် ၅၀ စီ အတိအကျ သတ်မှတ်ရမယ်ဆိုတဲ့ဟာကလည်း လက်တွေ့ဆောင်ရွက်ရာမှာ ပြန်လည်စဉ်းစားရမယ့်အနေအထားဖြစ်ပါတယ်။

အကယ်၍ ပထမ ခြောက်လပတ်မှာ လျော့ပြီး သတ်မှတ်ထားတယ်ဆိုရင် နောက် ခြောက်လပတ်ကျရင် အပြည့်အဝ နှစ်ခါပေါင်းရင် ၁၀၀ ရာခိုင်နှုန်း ပြန်ဖြစ်တာပဲဖြစ်ပါတယ်။ ဒုတိယ ခြောက်လပတ်မှာ အဖြေပေါ်ပါတယ်။ နှစ်ခါပေါင်းရမှာဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးတာတွေကလည်း အမှန်စာရင်း မဟုတ်သေးပါဘူး။ ပထမခြောက်လပတ်ကာလမှာ ကောက်လို့ရတဲ့ အခွန်ငွေနဲ့ပတ်သက်ပြီးတော့ အမှန်စာရင်းထွက်တဲ့အခါကျရင် ခုနကပြောတဲ့ ပထမ ခြောက်လပတ်နဲ့ ဒုတိယ ခြောက်လပတ်ပေါင်းပြီး တစ်နှစ်စာထွက်လာမှာဖြစ်တဲ့အတွက် အဲဒီအခါမှသာ မှန်ကန်တဲ့ သုံးသပ်မှုတွေ ဖြစ်လာနိုင်ပါတယ်လို့ ပထမအချက်ကို တင်ပြလိုပါတယ်။ အဓိကအကြောင်းအရင်းကတော့ ပထမ ခြောက်လပတ်မှာ လျော့ခဲ့ရင်တောင် ဒုတိယခြောက်လပတ်မှာ အပြည့် ဒီထက်မက ပိုကောက်ရတဲ့အနေအထား သဘာဝရှိတာကို တင်ပြခြင်းပဲဖြစ်ပါတယ်။

> **လက်ရှိဆောင်ရွက်နေတဲ့အနေအထားသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးကို ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ အခွန်အကောက်တိုးတက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ တစ်ဖက်ကလည်း အခွန်ဝန်ထုပ်ပိပြီး ပြည်သူလူထုကို ဖိတာမျိုးမရှိရအောင်လည်း ကြိုးပမ်းဆောင်ရွက်နေပါတယ်။**

နောက်တစ်ခုကတော့ မကြာခင်မှာ ၂၀၁၆ အခွန်အကောက်ဥပဒေအတွက် ရေးဆွဲတော့မှာဖြစ်ပါတယ်။ တချို့ခေါင်းစဉ်တွေမှာ လက်တွေ့လုပ်နေတဲ့ အနေအထားနဲ့ မကိုက်ညီတာတွေ၊ ဒီနှစ်ပြင်ရမယ့်အနေအထားတွေရှိပါတယ်။ ဥပမာ ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်လို့ ဇယားတိုင် အမှတ်စဉ်၊ ငွေစာရင်းခေါင်းစဉ် (၄-၄)မှာ ဖော်ပြထားပါတယ်။ ဓာတ်သတ္တုဆိုတော့ သတ္တုတွင်းဝန်ကြီးဌာနက ကောက်သကဲ့သို့ ဖြစ်နေပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနက ကောက်တာက (၄-၉) ခေါ်တဲ့ ဓာတ်သတ္တုခွန်နဲ့ ရတနာခွန်ပဲဖြစ်ပါတယ်။ ဒီဟာက ဓာတ်သတ္တုပစ္စည်းပေါ်မှာ ထုတ်ယူတဲ့အခွန် မဟုတ်ဘဲနဲ့ ယခုလက်ရှိအနေနဲ့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အုတ်၊ သဲ၊ ကျောက် လုပ်ငန်းတွေအပေါ်မှာ ကောက်တဲ့လုပ်ငန်းတွေဖြစ်ပါတယ်။ ဒါကို လာမယ့်အခွန်အကောက်ဥပဒေမှာ ပြင်ရမယ့် အနေအထားလေးတစ်ချက် တွေ့ရှိမှုဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒါကြောင့် အခွန်ရရှိရေးကိစ္စနဲ့ပတ်သက်ပြီး ဒီခြောက်လပတ်မှာတော့ ၁၀၀ ရာခိုင်နှုန်းကျော်တယ်ဆိုပြီးတော့ ဒီအပေါ်မှာ ယစ်မူးနေဖို့မဟုတ်ပါဘူး။ အဓိက ကတော့ အခွန်တိုးတက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်တဲ့နေရာမှာ နှစ်စဉ်တိုးတက်လာဖို့ ရည်မှန်းပြီးဆောင်ရွက်နေတာဖြစ်ပါတယ်။ တစ်ဖက်ကလည်း အခွန်ဝန်ပိပြီးတော့၊ မလိုလားအပ်တဲ့အခွန်နှုန်းထားတွေပိပြီးတော့ ပြည်သူလူထုအပေါ်မှာ ဝန်ထုပ်ဝန်ပိုးတွေဖြစ်တဲ့အနေအထားမဖြစ်ရအောင်လည်း တစ်ဖက်က ချိန်ဆဆောင်ရွက်နေတာဖြစ်တဲ့အတွက် တချို့သော အခွန်နှုန်းထားများကို နှစ်စဉ်ဆွေးနွေးနေကြတဲ့ အခွန်အကောက်ဥပဒေတွေမှာ အပြန်အလှန်ဆွေးနွေးကြတာ တွေ့ခဲ့ပါတယ်။ မည်သို့ပင်ဖြစ်စေ၊ မည်သို့အခက်အခဲတွေရှိစေကာမူ အမှန်တကယ်လိုအပ်နေတဲ့ အခွန်အကောက်ရရှိရေးအတွက် နောက်ဆုံးအချိန်ထိ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်

ဒါကြောင့် အခွန်အကောက်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုတွေနဲ့ပတ်သက်ပြီး လျော့ပြီး ခန့်မှန်းတာ၊ ၁၀၀ ရာခိုင်နှုန်းကျော်တယ် လိုချင်တယ်ဆိုပြီးတော့ ပြောခြင်းမျိုးမဟုတ်ပါ။ လုပ်ငန်းသဘာဝအရ ပထမ ခြောက်လပတ်နဲ့ ဒုတိယခြောက်လပတ် ကွာခြားချက်တွေကို ချိန်ဆပြီးတော့ လျာထားချက်နဲ့ ကောက်ခံရရှိချက်ကို နှိုင်းယှဉ်တင်ပြခြင်းဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ ဒေါ်ခင်စန်းလှိုင်တင်ပြတဲ့ အချက်တစ်ချက်ကို ရှင်းလင်းတင်ပြလိုပါတယ်။ နိုဝင်ဘာ ၂၄ ရက်က မိမိရှင်းလင်းတင်ပြခဲ့တဲ့ ပါဝါပွိုင့်အမှတ် ၁၆ မှာ ပါပြီးဖြစ်ပါတယ်။ အဓိက ဘာလဲဆိုရင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှိုင်းယှဉ်ချက်ဇယားကို တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုပြောမှာသိလို့ ကျွန်တော်တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကောက်ခံရရှိငွေခြင်း ယှဉ်လိုက်တဲ့အခါမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခြောက်လပတ်မှာ ငွေကတော့ လျော့သွားတယ်ဆိုတာ ပြောဖို့အနေအထားဖြစ်လာတဲ့အတွက် ယှဉ်ပြလိုက်ခြင်းဖြစ်ပါတယ်။ ဘာကြောင့် မတူရသလဲဆိုရင် ၂၀၁၄-၂၀၁၅ လျာထားချက်နဲ့ ၂၀၁၅-၂၀၁၆ လျာထားချက်က ကွာခြားချက်ရှိပါတယ်။ အဲဒီလျာထားချက်အပေါ်မှာ မူတည်ပြီးတော့ ကောက်ခံထားတဲ့ အနေအထားဖြစ်တဲ့အတွက် ရာခိုင်နှုန်းအားဖြင့် တိုးတက်လာပေမယ့်လည်း ကောက်ခံရရှိတဲ့ပမာဏဟာ နည်းသွားခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီဇယားလေးကို ထည့်ပြီး နိုဝင်ဘာ ၂၄ ရက်က သုံးသပ်တင်ပြခဲ့ခြင်းဖြစ်ပါတယ်။

အဓိကကတော့ နှစ်စဉ်တိုးတက်ရရှိတဲ့၊ ရသင့်ရထိုက်တဲ့အခွန်ရရှိရေး၊ အခွန်ရှောင်တာတွေ တားဆီးဖော်ထုတ်ရေးကို အတတ်နိုင်ဆုံးကြိုးပမ်းဆောင်ရွက်နေတာ တင်ပြလိုခြင်းဖြစ်ပါတယ်။

နောက်ဆုံးတစ်ချက်ကတော့ အခွန်တွေ ဘယ်ကိုသုံးသွားသလဲ၊ Transparence ရှိပါတယ်ဆိုတဲ့အချက် တင်ပြလိုပါတယ်။ ဒါကတော့ ပြည်ထောင်စုကကောက်ခံနေတဲ့ အခွန်နဲ့အခ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ စည်ပင်သာယာရေး အဖွဲ့များက ကောက်ခံနေတဲ့အခွန်အကောက်ရရှိမှုတွေနဲ့ ကွဲပြားသိနေဖို့လိုပါတယ်။ မော်တော်ယာဉ်နဲ့ပတ်သက်ပြီး မော်တော်ယာဉ်အနေနဲ့ ယာဉ်ထိန်းသိမ်းခတွေ ကောက်ခံတဲ့ကိစ္စမျိုးမှာ စည်ပင်သာယာက ဘယ်လိုပြန်သုံးသလဲ၊ အဲဒီအပိုင်းတစ်ပိုင်းနဲ့ နိုင်ငံတော်က ကောက်ခံနေတဲ့ အခွန်အကောက်အပိုင်းကို ခွဲခြားစဉ်းစားရပါမယ်။ နိုင်ငံတော်က ကောက်ခံနေတဲ့ အခွန်အားလုံးဟာ နိုင်ငံတော်ရဲ့ဘတ်ဂျက်ထဲကို အကုန်ဝင်သွားတာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ရငွေအနေနဲ့ ပေါ်ပေါက်တာဖြစ်ပါတယ်။ နိုင်ငံတော်က နှစ်စဉ် ဘတ်ဂျက်ရငွေကို ပြန်သုံးစွဲတဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာကိစ္စတွေ အားလုံးသုံးတာဟာ ဒီအခွန်အကောက်ရငွေထဲက အဓိကထားသုံးစွဲတာ ဖြစ်ပါတယ်။

ဒါကြောင့် တင်ပြလိုခြင်းအချက်မှာ အခွန်အကောက်ရငွေတွေ ဘယ်လိုသုံးစွဲသလဲ၊ Transparence ရှိပါတယ်ဆိုတာ နိုင်ငံတော်၊ ပြည်ထောင်စုအဆင့်ကရတဲ့ အားလုံးဟာ ဘတ်ဂျက်ကိုဝင်သွားပြီးတော့ ဘတ်ဂျက်ကနေပြီးတော့ ခွဲဝေသုံးစွဲနေတာ ဖြစ်ပါတယ်။ အဓိကကတော့ တိုင်းဒေသကြီး၊ စည်ပင်သာယာများ၊ အခွန်အကောက်များရတဲ့အပိုင်းဟာ ဘယ်နေရာမှာ ပြန်သုံးသလဲဆိုတဲ့အပိုင်းဟာ တင်ပြခဲ့သလို ပြည်ထောင်စုအခွန်အကောက်ရငွေနဲ့၊ ရရှိမှုနဲ့၊ ဘတ်ဂျက်မှာ ထည့်သွင်းမှုနဲ့ ခွဲခြားပြီး ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ အခွန်အကောက်ရရှိရေးကိစ္စကို အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ မည်သည့်အစိုးရကာလမှာဖြစ်စေ အခွန်နဲ့ရပ်တည်တဲ့ အစိုးရဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိဆောင်ရွက်နေတဲ့အနေအထားသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးကို ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ အခွန်အကောက်တိုးတက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ တစ်ဖက်ကလည်း အခွန်ဝန်ထုပ်ပိပြီး ပြည်သူလူထုကို ဖိတာမျိုးမရှိရအောင်လည်း ကြိုးပမ်းဆောင်ရွက်နေပါတယ်။

ကျေးဇူးတင်ပါတယ်။

---

**✻ နာဂမှ**

ပျော်ပွဲရွှင်ပွဲတွေနဲ့ တအား စည်ပါတယ်။ ပွဲတော်ကို လာလည်ရင်း အေးချမ်းလှပမှုတွေနဲ့ ဖွံ့ဖြိုးနေတဲ့ နာဂတောင်တန်းဒေသသို့ လာရောက်လေ့လာဖို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု ပြောသည်။

အဆိုပါ နာဂပွဲတော်အား ၂၀၁၄ ခုနှစ်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့တွင် လည်းကောင်း၊ ၂၀၁၅ ခုနှစ်က လေရှီးမြို့တွင် လည်းကောင်း၊ နှစ်စဉ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမြို့နယ်များတွင် အလှည့်ကျကျင်းပလျက်ရှိရာ ယခုနှစ်တွင် လဟယ်မြို့၌ ကျင်းပမည်ဖြစ်ပြီး နာဂပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လေ့လာလိုသူများအနေဖြင့် ခန္တီးမြို့သို့ လေယာဉ်ဖြင့် တိုက်ရိုက်လာရောက်ပြီး ခန္တီးမြို့မှတစ်ဆင့် လဟယ်မြို့သို့ သွားရောက်နိုင်သလို မုံရွာမြို့မှတစ်ဆင့် ခန္တီးမြို့အထိ ရေကြောင်းလမ်းမှ လည်းကောင်း သွားလာနိုင်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဖိုးချမ်း(မုံရွာ)**

---

# လေကြောင်းပျံသန်းမှု ရက်သတ်မှတ်ထား

**နေပြည်တော် ဒီဇင်ဘာ ၁**

မြန်မာအမျိုးသားလေကြောင်းက လက်ရှိပျံသန်းနေသော ရန်ကုန်-စင်ကာပူ-ရန်ကုန် ခရီးစဉ်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မတ် ၂၆ ရက်အထိ ရန်ကုန်မှ စင်ကာပူသို့ ဒေသစံတော်ချိန် နံနက် ၇ နာရီ ၁၅ မိနစ်တွင် စတင်ထွက်ခွာပြီး စင်ကာပူမှ ရန်ကုန်သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ ၂၀၁၆ ခုနှစ် မတ် ၂၇ ရက်မှ အောက်တိုဘာ ၂၉ ရက်အထိ ရန်ကုန်မှ စင်ကာပူသို့ ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲတွင် ထွက်ခွာပြီး စင်ကာပူမှရန်ကုန်သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင်လည်းကောင်း ထွက်ခွာမည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဂုဏ်ပြုဆောင်းပါး

# လူတိုင်းအကျုံးဝင်ဖွံ့ဖြိုးဖို့ မသန်စွမ်းအားလုံးစွမ်းအားမြှင့်တင်စို့




ကြည်ထွန်း(လူမှုဝန်ထမ်း)

ကုလသမဂ္ဂအဖွဲ့ကြီးက နှစ်စဉ်ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့လို့ သတ်မှတ်ထားပါတယ်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှာလည်း အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို ၁၉၉၄ ခုနှစ်ကစပြီး နှစ်စဉ်မပျက်ကျင်းပခဲ့တာ ယခုနှစ်ဆိုရင် ၂၂ နှစ်ရှိလာပါပြီ။ ဒီနှစ် ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ပေးတဲ့ဆောင်ပုဒ်ကတော့ "လူတိုင်းအကျုံးဝင်ဖွံ့ဖြိုးဖို့၊ မသန်စွမ်းအားလုံး စွမ်းအားမြှင့်တင်စို့" (Inclusion matters; access and empowerment of people of all abilities) ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် အကြိမ်(၇၀)မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးမှုအစီအစဉ်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Post 2015 Development Agenda and Sustainable Development Goals - SDGs )ကို ချမှတ်ခဲ့ပါတယ်။ ဒီပန်းတိုင်တွေကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံက နိုင်ငံ့ခေါင်းဆောင်များနဲ့ ကိုယ်စားလှယ်များက သဘောတူ အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ဒီဖွံ့ဖြိုးမှုပန်းတိုင်များအနက် ပန်းတိုင်(၁၆)မှာ "စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်း၍ အားလုံးပါဝင်နိုင်သော အဖွဲ့အစည်းများတိုးတက်စေရေး၊ အားလုံးအတွက် တရားမျှတမှုဖြစ်ပေါ်စေရေးနှင့် အဆင့်တိုင်း၌ ထိရောက်၍တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော၊ လူတိုင်းအကျုံးဝင်သည့် အဖွဲ့အစည်းများထူထောင်ရေး" လို့ ဖော်ပြထားပါတယ်။

ဒါကြောင့် နိုင်ငံသားများခံစားခွင့်ရှိတဲ့ လူ့အခွင့်အရေးနဲ့ အခြေခံလွတ်လပ်ခွင့်များကို မသန်စွမ်းသူများအားလုံး တန်းတူညီမျှ အပြည့်အဝရရှိဖို့ လိုအပ်ပါတယ်။ သို့မှသာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနဲ့ ယဉ်ကျေးမှုစတဲ့ နယ်ပယ်အသီးသီးမှာ အခြားသူများနဲ့တန်းတူ လူမှုအဖွဲ့အစည်းမှာ ပေါင်းစည်းပါဝင်လာနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုပါဝင်လာနိုင်အောင် မသန်စွမ်းသူများရဲ့ ဂုဏ်သိက္ခာ၊ စွမ်းရည်နဲ့ စွမ်းဆောင်နိုင်မှုများကို နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးက အသိအမှတ်ပြုဖို့နဲ့ မသန်စွမ်းသူများရဲ့ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်မြင့်မားလာအောင် ဆောင်ကြဉ်းပေးကြဖို့ ဒီနှစ်ဆောင်ပုဒ်က နှိုးဆော်တိုက်တွန်းထားခြင်းဖြစ်ပါတယ်။ ဒီတိုက်တွန်းနှိုးဆော်ချက်ကို မြန်မာတစ်မျိုးသားလုံး အလေးအနက်ထားပြီး ဖော်ဆောင်ကြရမှာ ဖြစ်ပါတယ်။ မသန်စွမ်းသူများကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တွေမှာ မိမိတို့ရရှိထားတဲ့ အသိပညာ၊ အတတ်ပညာ၊ နည်းပညာတွေကိုအသုံးချပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့လိုပါတယ်။ လက်ရှိကမ္ဘာ့လူဦးရေစုစုပေါင်းသန်းခုနစ်ထောင်ကျော်အနက် ၁၅ ရာခိုင်နှုန်းခန့်ဟာ မသန်စွမ်းသူများဖြစ်ကြပြီး ၈၀ ရာခိုင်နှုန်းဟာ ဖွံ့ဖြိုးဆဲနိုင်ငံများမှာ နေထိုင်သူတွေပါ။ မသန်စွမ်းသူအများစုဟာ သူတို့ပတ်ဝန်းကျင်မှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ရုပ်ပိုင်းနဲ့ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနဲ့ စိတ်သဘောထားပိုင်းဆိုင်ရာ အတားအဆီးတွေကြောင့် လူ့အဖွဲ့အစည်းအတွင်းမှာ ပြည့်ပြည့်ဝဝ ပါဝင်ခွင့်မရရှိဘဲ လူဖြစ်ရှုံးသူတွေဖြစ်ခဲ့ရပါတယ်။

ဒီအဖြစ်ဆိုးတွေက လွန်မြောက်အောင် မသန်စွမ်းသူကိုယ်တိုင်က ခေတ်အဆက်ဆက် ကြိုးပမ်းအားထုတ်ခဲ့ကြသလို ကုလသမဂ္ဂအဖွဲ့ကြီးနဲ့ နိုင်ငံတကာ အဖွဲ့အစည်းများရဲ့ စာနာဆပွား အလေးထားမှုကြောင့် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း (United Nations Convention on the Rights of Persons With Disablilities- UNCRPD ) ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်မှာ အတည်ပြုပြဋ္ဌာန်းပေးခဲ့ပါတယ်။ ဒီကွန်ဗင်းရှင်းဟာ လူ့အခွင့်အရေးများကို ပထမဦးဆုံးသော နိုင်ငံတကာအသိအမှတ်ပြုလူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်တစ်ခု ဖြစ်ပါတယ်။

ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံဟာ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံလည်းဖြစ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံလည်းဖြစ်တဲ့အတွက် ဘီဝါကိုထောင်စုနှစ်ရှေ့လုပ်ငန်းစဉ်၊ ဘီဝါကို အပေါင်းငါး လုပ်ငန်းစဉ်၊ အာဆီယံအသိုက်အဝန်းအတွင်း မသန်စွမ်းသူများပါဝင်မှုနှင့် မသန်စွမ်းသူများ၏ အခန်းကဏ္ဍမြင့်မားရေးဆိုင်ရာဘာလီကြေညာချက်၊ အာဆီယံမသန်စွမ်းသူများဆိုင်ရာ ဆယ်စုနှစ်လုပ်ငန်းစဉ် (၂၀၁၁-၂၀၂၀)တွေမှာ ဒေသတွင်းနိုင်ငံတွေနဲ့အတူ ပူးပေါင်းလက်တွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။

ဒါ့အပြင် နိုင်ငံတစ်ဝန်းလုံးမှာရှိကြတဲ့ မသန်စွမ်းသူတွေရဲ့ စစ်မှန်တဲ့အခွင့်အရေးများ ရရှိစေနိုင်ဖို့နဲ့ ကာကွယ်စောင့်ရှောက်နိုင်ဖို့၊ လူသားတိုင်းခံစားခွင့်ရှိတဲ့ အခြေခံလူ့အခွင့်အရေးတွေ မဆုံးရှုံးစေဖို့၊ မသန်စွမ်းသူများရဲ့ လူနေမှုဘဝ လုံခြုံစိတ်ချမှုရှိပြီး ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေဖို့ စတဲ့ရည်ရွယ်ချက်များနဲ့ "မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ"ကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်မှာ ပြဋ္ဌာန်းပေးထားပြီးဖြစ်ပါတယ်။

ဒီဥပဒေဟာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ဆက်စပ်လျက်ရှိတဲ့ဝန်ကြီးဌာနများ၊ UN အဖွဲ့အစည်းများ၊ INGOs၊ NGOs များနဲ့ မသန်စွမ်းအဖွဲ့အစည်းများက မသန်စွမ်းသူများကိုယ်တိုင် ပူးပေါင်းပါဝင်ရေးဆွဲခဲ့တဲ့ ဥပဒေတစ်ရပ်လည်း ဖြစ်ပါတယ်။ ဒီဥပဒေမှာ အခန်းပေါင်း(၁၇)ခန်းနဲ့ ပုဒ်မပေါင်း (၄၉)ခု ပါဝင်ပြီး နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနဲ့ ပြည်သူ့ရေးရာအဖြာဖြာမှာ သန်စွမ်းသူများနည်းတူ ပေါင်းစည်းပါဝင်နိုင်အောင် ဘက်စုံထောင့်စုံက ရှုမြင်ခံစားပြီး ပြည့်စုံသမျှပြည့်စုံအောင် ရေးသားပြုစုခဲ့တဲ့ ဥပဒေဖြစ်တဲ့အတွက် နိုင်ငံနဲ့အဝန်းက မသန်စွမ်းသူတွေအတွက် လုပ်ပိုင်ခွင့်နဲ့ စွမ်းဆောင်ရည်ကို ယခင်ကထက်ပိုမိုမြှင့်တင်ဆောင်ရွက်ပေးနိုင်တော့မှာ မလွဲပါဘူး။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ အဓိကလုပ်ငန်းကြီး (၁၀)ရပ်ထဲမှာ "မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေး" ဆိုတဲ့လုပ်ငန်းဟာ အဓိကလုပ်ငန်းကြီးတစ်ရပ်အဖြစ် ပါဝင်ပါတယ်။ ယခင်က မသန်စွမ်းကျောင်းခြောက်ကျောင်းသာရှိခဲ့ရာက နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ မသန်စွမ်း ကလေးဦးရေပိုပြီး လက်ခံပြုစုပျိုးထောင်နိုင်အောင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ နားမကြားသောကလေးများ ကျောင်းတစ်ကျောင်းနဲ့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းတစ်ကျောင်း ထပ်မံတိုးချဲ့ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။ မျက်မမြင်၊ နားမကြားစတဲ့ မသန်စွမ်းစောင့်ရှောက်ရေးပရဟိတဂေဟာ ၁၀ ခုကို နှစ်စဉ်ထောက်ပံ့ကူညီမှုတွေ ပြုပေးနိုင်ခဲ့ပြီး ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာလည်း ၅၇ ဒသမ ၇၂၃ သန်းထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံက မသန်စွမ်းသူတွေဟာ ဇာတိပုညဂုဏ်မာနရှိကြသူတွေပီပီ နယ်ပယ်အသီးသီးမှာ မဆုတ်မနစ် ကြိုးပမ်းအားထုတ်နေကြသူတွေပါ။ အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့မှာ ကျင်းပခဲ့တဲ့ ၂၀၁၅ခုနှစ် ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲမှာ နိုင်ငံပေါင်း ၁၆၀ ကျော်က အားကစားသမားတွေနဲ့ အတူပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် နှစ်ခုနဲ့ ကြေးတံဆိပ်သုံးခုရရှိခဲ့တဲ့ နိုင်ငံ့ဂုဏ်ဆောင် မသန်စွမ်းမောင်မယ်များကို ချီးကျူးဂုဏ်ပြုရမှာ ဖြစ်ပါတယ်။ ထို့အတူပဲ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ စင်ကာပူနိုင်ငံမှာကျင်းပမည့် (၈)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကြီးမှာ မြန်မာနိုင်ငံက ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ ဝှီးချဲဘတ်စကက်ဘော၊ မြားပစ်၊ စားပွဲတင်တင်းနစ်၊ ဂိုးဘော၊ ခုနစ်ယောက်တစ်ဖက်ဘောလုံး၊ ဘိုစီယာ၊ ဘိုးလိန်းနှင့် မျက်မမြင် စစ်တုရင်ဆိုတဲ့ အားကစားနည်း စုစုပေါင်း ၁၁ မျိုး ဝင်ရောက်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့တဲ့ (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးမှာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ဟာ ရွှေတံဆိပ် ၃၄ ခုအပါအဝင် ဆုတံဆိပ် ၉၆ ခုရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့် (၅) နေရာမှာ ရပ်တည်နိုင်ခဲ့ပါတယ်။ ဒါ့ကြောင့် ယခုကျင်းပနေတဲ့ (၈) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးမှာလည်း ယခင်နှစ်ကရရှိခဲ့တဲ့ အဆင့်ထက် နိမ့်ကျမသွားအောင် အနိုင်မခံအရှုံးမပေး စိတ်ဓာတ်နဲ့ ရေကုန်ရေခန်းကြိုးစားယှဉ်ပြိုင်ကြဖို့ တိုက်တွန်းအားပေးလိုပါတယ်။ အားကစားကို ချစ်မြတ်နိုးကြတဲ့ မြန်မာပြည်သူတစ်ရပ်လုံးကလည်း ရုပ်မြင်သံကြားအစီအစဉ်တွေမှာ သောင်းသောင်းဖြဖြ ကြည့်ရှုအားပေးနေကြမှာဖြစ်သလို အောင်ပွဲနဲ့အတူ ပြန်လာမယ့် မြန်မာနိုင်ငံ မသန်စွမ်းအားကစားမောင်မယ်တွေကို စောင့်ကြိုနေကြမှာဖြစ်ပါတယ်။

၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်းက ပထမအကြိမ် အနုဋ္ဌရောင်စဉ် မြန်မာနိုင်ငံမသန်စွမ်းသူများ အနုပညာပွဲတော်ကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးက ရွှေပုန်းသီး မသန်စွမ်းအနုပညာဝါသနာရှင်တွေကို ဖော်ထုတ်စင်တင်ပေးနိုင်ခဲ့ပါတယ်။ အာဆီယံဒေသတွင်းနိုင်ငံများက မသန်စွမ်းအနုပညာရှင်တွေ ပါဝင်ဖျော်ဖြေတင်ဆက်ခဲ့တဲ့ "အာဆီယံမသန်စွမ်းအနုပညာပွဲတော်" ကြီးကိုလည်း နေပြည်တော်နဲ့ ရန်ကုန်မြို့တို့မှာ တခမ်းတနားကျင်းပနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ယခုနှစ်မှာလည်း ဒုတိယအကြိမ် အနုဋ္ဌရောင်စဉ်မြန်မာနိုင်ငံ မသန်စွမ်းသူများ အနုပညာပွဲတော်ကို ဒီဇင်ဘာလ ၁ ရက်မှာကျင်းပပြီး မသန်စွမ်း Professional အနုပညာရှင်တွေကိုဖော်ထုတ်ပေးမယ်လို့ သိရတဲ့အတွက် ကြည်နူးဝမ်းမြောက်မိပါတယ်။

မသန်စွမ်းသူများပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရာမှာ မှန်ကန်သော သတင်းအချက်အလက်နဲ့ ခိုင်မာသော စာရင်းဇယားများ ပြည့်စုံစွာရရှိရေးဟာ ပဓာနကျတဲ့ အချက်တစ်ခုပါ။ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရာမှာ မသန်စွမ်းသူတွေကိုယ်တိုင်နဲ့ သူတို့နဲ့ သူတို့ရဲ့မိသားစုဝင်တွေက အားတက်သရော ပူးပေါင်းပါဝင် ကူညီဖြေဆိုခဲ့ကြပါတယ်။ အကျိုးရလဒ်အားဖြင့် မသန်စွမ်းသူဦးရေဟာ ရာခိုင်နှုန်းအားဖြင့် မြန်မာနိုင်ငံလူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး ကိန်းဂဏန်းအားဖြင့် ၂၃ သိန်းကျော် ရှိကြောင်း သိခွင့်ရခဲ့ပါတယ်။ ဒီမသန်စွမ်းသူတွေထဲမှာအမြင် ၂ ဒသမ ၅ ရာခိုင်နှုန်း၊ လမ်းလျှောက်၊ အမြင့်တက်၊ ပစ္စည်းကိုင်တွယ်ရာတွင် အခက်အခဲရှိသူ ၁ ဒသမ ၉ ရာခိုင်နှုန်း၊ သင်ယူလေ့လာခြင်း၊ မှတ်ဉာဏ်၊ အာရုံစူးစိုက်ခြင်းစတဲ့ အခက်အခဲရှိသူ ၁ ဒသမ ၇ ရာခိုင်နှုန်းနဲ့အကြားအာရုံ အခက်အခဲရှိသူ ၁ ဒသမ ၃ ရာခိုင်နှုန်း ပါဝင်ပါတယ်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရပ်က ကျင်းပခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မသန်စွမ်းသူတွေ ရွေးကောက်ပွဲမှာ ပိုမိုပါဝင်လာအောင် အလေးထားဆောင်ရွက်ပေးခဲ့သလို မသန်စွမ်းသူအများစုဟာ သက်ဆိုင်ရာမဲရုံအသီးသီးကို သွားရောက်ပြီး ဆန္ဒမဲပေးခဲ့ကြပါတယ်။ အထူးသဖြင့် မျက်မမြင်ကျောင်းတွေရှိတဲ့ ကြည့်မြင်တိုင်၊ မရမ်းကုန်း၊ မိတ္ထီလာ၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ မြစ်ကြီးနား စတဲ့ မြို့နယ်များက အမြင်အာရုံချို့ယွင်းသူတွေဟာ မျက်မမြင်သုံး သင်္ကေတများပါရှိတဲ့ Template (ပုံစံပြား) ကို အသုံးပြုပြီး ဘေးအကူအညီမပါဘဲ မိမိဘာသာ ဆန္ဒမဲပေးခဲ့ကြတယ်လို့ သိရပါတယ်။ ဒီလိုမျက်မမြင်သုံး သင်္ကေတအသုံးပြုပြီး မျက်မမြင်များကိုယ်တိုင် ပထမဆုံးအကြိမ် ဆန္ဒမဲပေးနိုင်ခဲ့တာဟာ မြန်မာနိုင်ငံရွေးကောက်ပွဲသမိုင်းတစ်လျှောက်မှာ မရှိသေးတာဖြစ်တဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူစရာကောင်းပါတယ်။ ဒီလျှို့ဝှက်ဆန္ဒမဲပြား တီထွင်သူဟာ သူကိုယ်တိုင် မျက်မမြင် မသန်စွမ်းသူတစ်ဦးဖြစ်ပေမယ့် မစွမ်းဆောင်နိုင်သူမဟုတ်ဘူးဆိုတာကို အပြောမဟုတ် အလုပ်နဲ့ လက်တွေ့ပြလိုက်ခြင်းပဲဖြစ်ပါတယ်။

ဒီလိုမသန်စွမ်းသူတွေကို စွမ်းဆောင်နိုင်သူတွေဖြစ်အောင် ဆောင်ရွက်ပေးနိုင်ဖို့ ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်တွေကို ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးရပါမယ်။ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ "မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ"ကို လေးစားလိုက်နာကြရပါမယ်။ မသန်စွမ်းသူတွေအပေါ် နယ်ပယ်အားလုံးမှာ နည်းမျိုးစုံနဲ့ခွဲခြားဆက်ဆံမှုတွေ လျော့နည်းပပျောက်သွားအောင် ဝိုင်းဝန်းထိန်းသိမ်းကာကွယ် ဆောင်ရွက်ပေးကြရပါမယ်။ "လူတိုင်းအကျုံးဝင်ဖွံ့ဖြိုးဖို့၊ မသန်စွမ်းအားလုံးစွမ်းအားမြှင့်တင်စို့"ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ မသန်စွမ်းသူများရဲ့ ဂုဏ်သိက္ခာ၊ စွမ်းရည်နဲ့ စွမ်းဆောင်နိုင်မှုများကို ပြည်သူတစ်ရပ်လုံးကအားပေး အသိအမှတ်ပြုကြပြီး တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်အောင် အားပေးမြှင့်တင်ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# နောင်အစိုးရတက်လာသည့်အခါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လက်ဆင့်ကမ်းသယ်ဆောင်သွားနိုင်အောင် အုတ်မြစ်ချရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးဆဋ္ဌမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အစီအစဉ် ၁၂ ခုဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သော **အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အစိုးရအဖွဲ့များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ အစိုးရအဖွဲ့များအကြား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာရေး သဘောတူစာချွန်လွှာကို မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့်** စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်းက ယခုစာချွန်လွှာကို လက်မှတ်ရေးထိုးခြင်းဖြင့် (အာဆီယံ + ၃)နိုင်ငံများအကြား စွမ်းဆောင်မှုနှင့် ပြိုင်ဆိုင်မှုများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ပြီး ခရီးသွားလုပ်ငန်းနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများတွင် ကုန်သွယ်မှုဆောင်ရွက်ရာ၌ ဖြစ်ပေါ်လျက်ရှိသော ကန့်သတ်ချက်များကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် အာဆီယံအား ကမ္ဘာ့အဆင့်မီစံနှုန်းများ၊ ထောက်ပံ့မှုများ၊ ဆွဲဆောင်မှုများဖြင့် ပြည့်စုံသည့် တစ်ခုတည်းသော ခရီးစဉ်ဒေသအဖြစ် ဖွံ့ဖြိုးမှုနှင့်မြှင့်တင်မှုများကို ဆောင်ရွက်နိုင်ခြင်း၊ (အာဆီယံ + ၃) ဒေသအတွင်း ခရီးသွားလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အထောက်အပံ့များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ချဲ့ထွင်ခြင်းများဆောင်ရွက်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေခြင်း၊ လူ့စွမ်းအားဖွံ့ဖြိုးမှုနယ်ပယ်အတွင်း အပြန်အလှန်အထောက်အကူပြုမှုများ မြှင့်တင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးဆဋ္ဌမနေ့ကျင်းပစဉ်။

**ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှပေးပို့သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်(NCA)ကို ညှိနှိုင်းရာတွင် အပစ်အခတ်ရပ်စဲရေးခိုင်မာစေရေး၊ အာမခံချက်ရှိသော နိုင်ငံရေးဆွေးနွေးပွဲများ စတင်အကောင်အထည်ဖော်နိုင်ရေးနှင့် နောင်အစိုးရတက်လာသည့်အခါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လက်ဆင့်ကမ်းသယ်ဆောင်သွားနိုင်အောင် အုတ်မြစ်ချရေး စသည့်ရည်ရွယ်ချက် ၃ ခုကို အခြေခံခဲ့ပါကြောင်း။

အပစ်အခတ်ရပ်စဲရေးခိုင်မာအောင်ဆောင်ရွက်နိုင်ရန် နှစ်ဖက်လိုက်နာရမည့် အချက်များ၊ ပြည်သူလူထုကို အကာအကွယ်ပေးရမည့် အချက်များကို NCA ထဲတွင် အသေးစိတ် ထည့်ရေးထားပါကြောင်း၊ ယင်းအချက်များကို အကောင်အထည်ဖော်ရန် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို ဖွဲ့စည်းအကောင်အထည်ဖော်ရမည်ဟု နှစ်ဖက်သဘောတူခဲ့ပါကြောင်း။

အာမခံချက်ရှိသည့် နိုင်ငံရေးဆွေးနွေးပွဲများအတွက် အဓိကကျသည့် **စာမျက်နှာ ၈ ကော်လံ ၅ သို့** ❋

**စာမျက်နှာ ၈ ကော်လံ ၅ သို့**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီအစီရင်ခံစာကို သဘောတူလက်ခံရန် အတည်ပြုချက်ရယူ

**နေပြည်တော် ဒီဇင်ဘာ ၁**

ပထမအကြိမ်ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးနဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏ **ရေဝေရေလဲဒေသအုပ်ချုပ်မှုလုပ်ငန်းများ ပီပီပြင်ပြင်ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ မည်ကဲ့သို့ စီမံဆောင်ရွက်လုပ်ကိုင်နေသည်ကို** သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအေးမြင့်မောင်က နိုင်ငံတော်အတွင်း အရေးကြီးသည့် ရေဝေရေလဲဒေသများကိုစနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်နိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ၁၉၉၅ ခုနှစ်မှစတင်၍ ရေဝေရေလဲဒေသအုပ်ချုပ်ရေးဌာနတစ်ခုကို သစ်တောဦးစီးဌာနအောက်တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

ဘက်စုံရေသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းကို နိုင်ငံတစ်ဝန်းတွင် ကျင့်သုံးရန်အတွက် အခြေခံလိုအပ်သော အမျိုးသားအဆင့် မြေမူဝါဒ (National Landuse Policy) ဥပဒေလုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာအစိုးရဌာနများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက စီမံအုပ်ချုပ်လျက်ရှိသည့် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများသာမက



ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်။



ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်။

မြန်မာနိုင်ငံဧရိယာ၏ (၈၀)ရာခိုင်နှုန်းကျော်သည် ရေဝေရေလဲဒေသများ ဖြစ်သည့်အတွက် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးလုပ်ငန်းများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့်အတူ အခြားဌာနဆိုင်ရာ အဖွဲ့အစည်းများလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ ရေဝေရေလဲဒေသ ထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုပီပြင်အောင်မြင်စွာ ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီနှင့် ပြည်သူ့လွှတ်တော် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီတို့က အစီရင်ခံစာများကို တင်သွင်းကြရာ ယင်းအစီရင်ခံစာများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အစည်းအဝေးအဋ္ဌမနေ့က တင်ပြခဲ့သည့် ပြည်သူ့လွှတ်တော်နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီအစီရင်ခံစာကို သဘောတူလက်ခံရန် လွှတ်တော်၏ အတည်ပြုချက် ရယူသည်။

ယင်းနောက် ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေကြမ်းကိုတင်သွင်းပြီး အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ငွေစုဘဏ်လုပ်ငန်း ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၀)ရက်မြောက်နေ့ကို ဒီဇင်ဘာ ၂ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# အခြေခံပညာရေးဥပဒေကြမ်းကို အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့အဆိုတင်သွင်းရာ အမျိုးသားလွှတ်တော်က အတည်ပြုကြောင်းကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၁**

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ **အခြေခံပညာရေးဥပဒေကြမ်း**နှင့် နည်းဥပဒေနှစ်ခုတို့ကို ဆွေးနွေးအတည်ပြုကြသည်။

**အစည်းအဝေး၌ အခြေခံပညာရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက အခြေခံပညာရေး၏ ရည်မှန်းချက်များ ပိုမိုပြည့်စုံမှုရှိစေရန်အတွက် မူလဥပဒေကြမ်း အပိုဒ်(၃) အပိုဒ်ခွဲ(ဆ)၏အောက်တွင် အပိုဒ်ခွဲ (ဇ) အဖြစ် **အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာဆိုင်ရာ အခြေခံရရှိစေရန်** ဟု အသစ်ဖြည့်စွက်ပြီး မူလအပိုဒ်ခွဲ(ဇ)ကို အပိုဒ်ခွဲ(ဈ)အဖြစ်ပြောင်းလဲ၍ **အဆင့်မြင့်ပညာရေးအတွက် အခြေခံကောင်းများ ရရှိစေရန်**ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ပါကြောင်း၊ ထို့ပြင် ဥပဒေကြမ်းတစ်ရပ်လုံးတွင် စကားရပ်များပြောင်းလဲခြင်း၊ မြန်မာစာရေးထုံးနှင့် ဥပဒေရေးထုံးဆိုင်ရာ ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် ပြောင်းလဲသွားသောအမှတ်စဉ်များကိုလည်း တစ်ပါတည်းပြင်ဆင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါကြောင်း ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အခြေခံပညာရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက အခြေခံပညာရေးဥပဒေကြမ်းကို အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ အဆိုတင်သွင်းရာ အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများနှင့် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ**ကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်း ကြေညာသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ဒီဇင်ဘာ ၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ။



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး။

# ၂၀၁၅ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့(ပဟိုအဆင့်)အခမ်းအနား ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁**

"ခွဲခြားနှိမ့်ချကင်းစင်ဝေး ကူးစက်သေဆုံးမရှိရေး အေအာတီဖြင့်ကုသပေး"ဟူသော ဆောင်ပုဒ်ဖြင့် ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်သည့် ၂၀၁၅ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်(ဗဟိုအဆင့်) အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က အမှာစကားပြောကြားရာတွင် ယခုကာလသည် ကျန်းမာရေးဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများပူးပေါင်းပြီး ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားမဟာဗျူဟာ စီမံကိန်း (၂၀၁၆-၂၀၂၀)ကို အသစ်ရေးဆွဲနေသောအချိန်ဖြစ်ပြီး ယင်းမဟာဗျူဟာ စီမံကိန်းအသစ်၌ အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသော ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ၏ တိုးတက်အောင်မြင်မှုများအား အသိပေးပြောကြားလိုပါကြောင်း၊ အိပ်ချ်အိုင်ဗွီပိုးကူးစက်ရန် အန္တရာယ်များသော ဦးတည်အုပ်စုများတွင်ကူးစက်မှုနှုန်း သိသာစွာကျဆင်းလာခြင်း၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် နီးနွယ်သောရောဂါများကြောင့် သေဆုံးမှုများကျဆင်းလာခြင်း၊ ရောဂါအသစ်ကူးစက်ခံရမှုများ လျော့နည်းကျဆင်းလာခြင်း၊ မူးယစ်ဆေးအစားထိုး မက်သာဒုန်းဆေး တိုက်ကျွေးရေးလုပ်ငန်းအပါအဝင် ခုခံအားကျဆင်းမှုကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဦးတည်အုပ်စုများအကြား ပိုမိုရောက်ရှိအောင် ဆောင်ရွက်လာနိုင်ခြင်းတို့သည် သိသာထင်ရှားသော သာဓကများပင် ဖြစ်ပါကြောင်း၊ နောင်လာမည့်မျိုးဆက်သစ်များတွင် အိပ်ချ်အိုင်ဗွီပိုး ကင်းဝေးစေရန်အတွက် အခြေခံကျပြီးအရေးပါသော မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီရောဂါပိုးကူးစက်မှုမှ ကာကွယ်ရေးလုပ်ငန်းများကိုလည်း ယခုနှစ်များအတွင်း ပိုမိုတိုးချဲ့ ဆောင်ရွက်လာနိုင်ပြီး ၂၀၁၅ ခုနှစ်တွင်မြို့နယ် ၂၈၀ နှင့် ဆေးရုံပေါင်း ၃၈ ရုံတို့တွင် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်အထိ ရရှိသည့်စာရင်းများအရ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်နှင့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများပူးပေါင်း၍ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်လူနာ စုစုပေါင်း ၁၀၁၀၀၀ ကျော်ကို အေအာတီဆေးဝါးနှင့် အခမဲ့ကုသပေးနိုင်ခဲ့ပြီး ၂၀၁၀ ခုနှစ်နှင့် နှိုင်းယှဉ်ပါက သုံးဆကျော်အထိ တိုးမြှင့်ကုသပေးနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူများအားလုံး ပူးပေါင်းလက်တွဲဆောင်ရွက်ကြခြင်းဖြင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ အဓိကရည်မှန်းချက်များဖြစ်သော အိပ်ချ်အိုင်ဗွီပိုးအသစ်ကူးစက်မှု မရှိစေရေး၊ ရောဂါပိုးရှိသူများ၊ ဝေဒနာရှင်များအား ခွဲခြားနှိမ့်ချမှုကင်းစင်ရေး၊ လိုအပ်သောဆေးကုသမှု၊ ပြုစုကုသစောင့်ရှောက်မှုများလက်လှမ်းမီရရှိကာ သေဆုံးမှုများလျော့ကျရေးစသည့် ရည်မှန်းချက်များပြည့်မီပြီး အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုကင်းဝေးသော လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာနိုင်ရန် မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို The United Nation Resident and Humanitarian Coordinator in Myanmar ၏ ကိုယ်စား UNAIDS Country Director Mr.Eamonn Murphy က လည်းကောင်း၊ ကုလသမဂ္ဂ အေအိုင်ဒီအက်စ်အစီအစဉ်၏ သဝဏ်လွှာကို UNAIDS အဖွဲ့၏ Investment and Efficiency Adviser, Ms. Krittayawan Tina Boonto က လည်းကောင်း ဖတ်ကြားသည်။

ဆက်လက်ပြီး ၂၀၁၅ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲ ဆုရကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည်ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြခန်းငယ်အား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

**❋ စာမျက်နှာ ၇ မှ**

နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ကို ရက်ပေါင်း ၆၀ အတွင်း ရေးဆွဲရန်ကိုလည်း သဘောတူခဲ့ပါကြောင်း၊ ယင်းမူဘောင်ကို အခြေခံပြီး နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရန်အတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ စုဖွဲ့မှုကို ပြုလုပ်ရန် သဘောတူညီခဲ့ပါကြောင်း။

NCA ထဲတွင် သဘောတူထားခဲ့သည့် အချက်တစ်ခုမှာ ယင်းစာချုပ်ကို လွှတ်တော်သို့ တင်သွင်းပြီး အတည်ပြုချက်ရယူရန်ဖြစ်ပါကြောင်း၊ NCA စာချုပ်ကို အတည်ပြုနိုင်ခြင်းနှင့် စာချုပ်ပါလုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှုသည် ဆက်စပ်သက်ဆိုင်နေသည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိထိရောက်ရောက်ဖြင့် ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ပြည်ထောင်စုလွှတ်တော်အနေဖြင့် NCA ကို အတည်ပြုပေးနိုင်ပါရန် တင်ပြပါကြောင်း။

နောင်အစိုးရတက်လာသည့်အခါတွင်လည်း NCA ထဲတွင် ချမှတ်ထားသည့် အပစ်အခတ်ရပ်စဲရေး ခိုင်မာစေရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေးတို့ကို ဆက်လက် အကောင်အထည်ဖော်ရမည်ဖြစ်ပါကြောင်း၊ အပစ်အခတ်ရပ်စဲရေးခိုင်မာစေရန်အတွက် စောင့်ကြည့်ကြီးကြပ်ရေးလုပ်ငန်းများကို ပဋိပက္ခဖြစ်ပွားရာဒေသများတွင် အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း၊ NCA ပါအချက်များသည် အခြေခံကျောရိုးကို ပြောထားခြင်းဖြစ်သည့်အတွက် နောင်တက်လာမည့် အစိုးရအနေဖြင့် အသေးစိတ်မူဝါဒများကို လိုအပ်သလို ချမှတ်ဖြည့်စွက်သွားနိုင်မည်ဖြစ်ပါကြောင်း တင်ပြသည်။

အဆိုပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော **၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွက် အခွန်ကောက်ခံရရှိမှုအခြေအနေ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက ယစ်မျိုးအခွန်၊ သွင်းကုန်လိုင်စင်အခွန်၊ သယ်ယူပို့ဆောင်ရေးအခွန်၊ တံဆိပ်ခေါင်းရောင်းရငွေ၊ မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ အင်းအိုင်အခွန်၊ သစ်တောပစ္စည်းထုတ်ယူသည့် ကောက်ခံအခွန်၊ ဓာတ်သတ္တုနှင့် ရတနာအခွန်များကို ခန့်မှန်းလျာထားရာတွင် လျှော့၍လျာထားသည့်အတွက် တိုးမြှင့်ကောက်ခံသင့်ပါကြောင်း ဆွေးနွေးသည်။

**ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်**က လျာထားချက်မပြည့်မီသည့် အခွန်များနှင့်ပတ်သက်၍ ကျိုးကြောင်းဆီလျော်မှုရှိပြီး မှန်မှန်ကန်ကန်မျှမျှတတ ဝေဖန်သုံးသပ်နိုင်မှသာ အခွန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းပြည်၏ အနာဂတ်ကာလတွင် နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်များကို နိုင်ငံတော်က ကောက်ခံရရှိသည့် အခွန်ငွေအပေါ် ရပ်တည်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရသင့်ရထိုက်သည့် အခွန်များ တိုးတက်ရရှိရေးသည် အရေးကြီးပါကြောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ပြည်သူလူထုလိုက်နာဆောင်ရွက်နိုင်မည့် ပွင့်လင်းမြင်သာပြီး ရှင်းလင်းလွယ်ကူသည့် အခွန်စနစ်ပေါ်ထွန်းရေးကြိုးပမ်းဆောင်ရွက်နေမှုအား ကြိုဆိုပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေး၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်တို့က ဝန်ကြီးဌာနအလိုက် ပထမခြောက်လပတ်တွင် မူလလျာထားချက်ထက် အခွန်ပိုမိုကောက်ခံရရှိခဲ့သည့် အခြေအနေများနှင့် မူလလျာထားချက်အောက် အခွန်လျော့နည်းကောက်ခံရရှိခဲ့ရသည့် အခြေအနေများကို ပြန်လည်ရှင်းလင်းတင်ပြကြသည်။ **(ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၏ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွက် အခွန်ကောက်ခံရရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များကို စာမျက်နှာ(၅)တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွက် အခွန်ကောက်ခံရရှိမှု အခြေအနေတင်ပြချက်၊ လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၏ ရှင်းလင်းတင်ပြချက်များကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် **လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြန်မာ့သတ္တုတွင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်းက ဆွေးနွေးပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယနေ့အစည်းအဝေးကို ညနေ ၃ နာရီ မိနစ် ၄၀ တွင် ရပ်နားလိုက်ပြီး အစည်းအဝေးသတ္တမနေ့ကို ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# နေပြည်တော်ရှိ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ဒီဇင်ဘာ ၂ ရက်တွင် ဖွင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁**

နိုင်ငံတော်၏ ကျန်းမာရေးလိုအပ်ချက်နှင့်အညီ အရည်အသွေးပြည့်ဝသည့် သူနာပြုနှင့် သားဖွားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံတစ်ဝန်းတွင် တက္ကသိုလ်များနှင့် သင်တန်းကျောင်းများကို တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိရာ လက်ရှိတွင်လည်း နေပြည်တော်ကောင်စီနယ်မြေအတွင်း တည်ဆောက်လျက်ရှိသည့် သူနာပြုသင်တန်းကျောင်းနှင့် သားဖွားသင်တန်းကျောင်းတို့သည် ပြီးစီးသွားပြီဖြစ်၍ ဒီဇင်ဘာ ၂ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်ရှိ သူနာပြုသင်တန်းကျောင်း(သုံးထပ်ဆောင်)တွင် လက်ရှိသင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၈ ဦးကို ၂၀၁၅-၂၀၁၆ ပထမပညာသင်နှစ်အဖြစ် သင်ကြားပေးလျက်ရှိပြီး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၅၀ သင်ကြားနိုင်မည်ဖြစ်ကြောင်း ကျောင်းအုပ်ဆရာမ ဒေါ်နီနီဝင်းက ရှင်းပြသည်။

သူနာပြုဒီပလိုမာကို ၁၂၀၀ သာလျှင် မွေးထုတ်ပေးနိုင်ခဲ့ရာမှ လက်ရှိတွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများကို တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် လာမည့်သုံးနှစ်တာကာလတွင် တစ်နှစ်လျှင် သူနာပြုဒီပလိုမာနှင့် သူနာပြုသိပ္ပံဘွဲ့ကို ၂၂၀၀ အထိ မွေးထုတ်ပေးနိုင်တော့မည်ဖြစ်ကြောင်းလည်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများကို ဖွင့်လှစ်ပေးပြီးဖြစ်ရာ နယ်စပ်မြို့များတွင်လည်း နှစ်ကျောင်းမှ သုံးကျောင်းအထိလည်းကောင်း၊ ရန်ကုန်တွင် ရှစ်ကျောင်းနှင့် မန္တလေးတွင် ငါးကျောင်းအထိ လည်းကောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။

ယခင်က တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ၄၆ ကျောင်းသာရှိခဲ့ရာမှ ယခု နေပြည်တော်ရှိ သူနာပြုသင်တန်းကျောင်းနှင့် သားဖွားသင်တန်းကျောင်းကို ဒီဇင်ဘာ ၂ ရက်တွင် ဖွင့်လှစ်တော့မည်ဖြစ်သောကြောင့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ၄၈ ကျောင်းအထိ ရှိလာတော့မည်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် တည်ဆောက်လျက်ရှိသည့် သူနာပြုသင်တန်းကျောင်းနှင့် သားဖွားသင်တန်းကျောင်းတို့ကို ဖွင့်လှစ်သွားပြီးပါက သင်တန်းကျောင်းပေါင်း ၅၀ ရှိလာမည်ဖြစ်ကြောင်း သိရသည်။ **(ငွေကြယ်)**

# မြန်မာနိုင်ငံ၌ အသေးစားခရီးသည်တင်ကားနှင့် ထရပ်ကားတပ်ဆင်ရေးစက်ရုံ မလေးရှားကုမ္ပဏီတည်ဆောက်မည်

**သုတ**

မလေးရှားနိုင်ငံအခြေစိုက် Tan Chong Motor Holdings (TCM) က မြန်မာဈေးကွက်အတွက် အသေးစားခရီးသည်တင်ကားများနှင့် ပစ်ကပ်ထရပ်ကားများထုတ်လုပ်ရန် ပဲခူးတိုင်းဒေသကြီး၌ ဧက ၅၀ ရှိမည့် မော်တော်ကားတပ်ဆင်ရေးစက်ရုံတစ်ရုံ တည်ဆောက်တော့မည်ဖြစ်သည်။

၂၀၁၈ ခုနှစ်တွင် လုပ်ငန်းလည်ပတ်မှုစတင်မည့် အဆိုပါစက်ရုံမှာ လာမည့်သုံးနှစ်အတွင်း အမေရိကန်ဒေါ်လာသန်း ၅၀ ရင်းနှီးမြှုပ်နှံကာ မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်တော့မည့် TCM အစီအစဉ်များ၏ အစိတ်အပိုင်းဖြစ်သည်။ ကုမ္ပဏီအနေဖြင့် လက်ရှိအချိန်၌ စက်ရုံတည်ဆောက်ရန် မြေနေရာရရှိရေးအတွက် မြန်မာအစိုးရနှင့်ဆွေးနွေးမှုမှာ အပြီးသတ်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ သဘောတူညီချက်ကို လာမည့်နှစ် ပထမသုံးလအတွင်း ရရှိမည်ဟုမျှော်မှန်းထားကြောင်း TCM အမှုဆောင်ဒါရိုက်တာ ဒါတွတ်ဒေါက်တာ အန်ဘွန်ဘန်က မီဒီယာများသို့ ပြောကြားသည်။ မြန်မာနိုင်ငံရှိစက်ရုံမှာ အသေးစားလုပ်ငန်း လည်ပတ်မည်ဖြစ်ပြီး တစ်နာရီကားသုံးစီးနှုန်း ထုတ်လုပ်မည်ဖြစ်ကြောင်း သူကဆိုသည်။

ယခုလအစောပိုင်းက Tan Chong Motor (Myanmar) နှင့် နစ်ဆန်းကုမ္ပဏီကြား ငါးနှစ်သက်တမ်းရှိ နစ်ဆန်းကားဖြန့်ဖြူးရေးသဘောတူညီချက်တစ်ရပ်ကို တရားဝင်လက်မှတ်ရေးထိုးခဲ့ကြောင်းသိရသည်။ နစ်ဆန်းကားများ ဖြန့်ဖြူးခွင့်နှင့်ရောင်းချခွင့်အပြင် ဖြန့်ဖြူးရေးသဘောတူညီချက်က အရောင်းကိုယ်စားလှယ်များ ခန့်အပ်ခွင့်နှင့် ရောင်းချပြီးကားများအား ဝန်ဆောင်မှုပေးခွင့်ကိုလည်း TCM (Myanmar) ကုမ္ပဏီအား ခွင့်ပြုခဲ့သည်။ နစ်ဆန်းကားဖြန့်ဖြူးမှုကို လာမည့်နှစ် ဇွန်လတွင် စတင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(Paul Tan Automotive News)**

**○ ဘလွန်းဒီအောဆုမှ**

ဥရောပ ရွှေဖိနပ်ဆု ဆွတ်ခူးထားသူဖြစ်သည်။ မက်ဆီမှာ စီရိုနယ်လ်ဒိုထက် သွင်းဂိုးလျော့နည်းသော်လည်း ယမန်နှစ် ဘာစီလိုနာ ဖလားသုံးလုံး ဆွတ်ခူးခဲ့ရာတွင် အဓိကနေရာမှ ပါဝင်ခဲ့သူဖြစ်သောကြောင့် ယခုနှစ် ဘလွန်းဒီအောဆုကို ဆွတ်ခူးနိုင်ရန် အကောင်းဆုံးအလားအလာကို ပိုင်ဆိုင်လာခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဘောလုံးရာသီက သွင်းဂိုး ၂၂ ဂိုး သွင်းယူထားသော နေမာမှာမူ ဆန်ခါတင်သုံးဦးစာရင်းသို့ ပထမဆုံးအကြိမ် ဝင်ရောက်လာခဲ့သည်။ ယင်းဆန်ခါတင်ဆုစာရင်းသို့ ပရီမီယာလိဂ်ကစားသမားတစ်ဦးမျှ ဝင်ရောက်နိုင်ခြင်းမရှိသည်မှာ ယခုနှစ်နှင့် ပါဆိုလျှင် ခြောက်ကြိမ်အထိရှိခဲ့ပြီဖြစ်ပြီး ဆန်ခါတင်သုံးဦးစာရင်းသို့ နောက်ဆုံးဝင်ရောက်နိုင်သည့် အင်္ဂလိပ်လူမျိုး ကစားသမားမှာ ဖရန့်လမ်းပတ် (၂၀၀၅)ဖြစ်သည်။ အမျိုးသမီး အကောင်းဆုံးကစားသမား ဆန်ခါတင်သုံးဦးစာရင်းတွင် ကယ်လီလွိုက် (အမေရိကန်)၊ မိုင်ယာမာ (ဂျပန်)၊ ဆီလီယာတာဆစ်(ဂျာမနီ)တို့ ပါဝင်လာကြသည်။

**(မေလွဲသင်း)**

**(၉၅)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ**

- နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
- စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- အမျိုးသားပညာရည်မြင့်မားရေး၊
- ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး၊




# အမေရိကန်ဒေါ်လာ ၇၅၀၀၀၀ ဆုချီးမြှင့်မည့် မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁**

မြန်မာဂေါက်သီးအားကစားလောကတွင် အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် Leopalace 21 Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၆ ခုနှစ်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်၊ မြန်မာပီဂျီအေ၊ Asian Tour နှင့် Japan Golf Tour တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး သတင်းစာရှင်းလင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက နိုဗိုတယ်ဟိုတယ်တွင် ပြုလုပ်သည်။

အခမ်းအနားတွင် Asian Tour ဥက္ကဋ္ဌ ဦးကြည်လှဟန်၊ Japan Golf Tour ဒုတိယဥက္ကဋ္ဌ Mr.Masayoshi Takaba၊ Leopalace 21 ဥက္ကဋ္ဌ Mr. Eisei Miyama၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် မြန်မာပီဂျီအေ အတွင်းရေးမှူး ဦးချမ်းဟန်တို့က အမှာစကားပြောကြားသည်။ ယင်းနောက် တက်ရောက်လာသည့် မီဒီယာများက ပြိုင်ပွဲနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းကြသည်။ Leopalace 21 Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ရှိ Royal Mingalar Golf & Country Club ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို ပြည်တွင်းနာမည်ကြီးပရော်ဖက်ရှင်နယ် ဂေါက်သီးကစားသမားများဖြစ်သော ဇော်ဇော်လတ်၊ သိန်းဇော်မြင့်နှင့် ဘိုဘိုစသည့် ကစားသမားများ ယှဉ်ပြိုင်မည်ဖြစ်ပြီး Asian Tour ပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိနေသည့် နာမည်ကြီးကစားသမားများ ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအိုးပင်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖူးသည့် ဘွန်ချူးရန်ကစ်၊ သောင်ချိုင်းဂျိုင်ဒီ၊ ဟီရတ်ဆု၊ ဂျိမ်းစ်ကင်စတန်၊ အန်တိုနီကင်း စသည့် ကစားသမားများကို ဖိတ်ကြားထားပြီး ပထမဆုအဖြစ် ဆုကြေး အမေရိကန်ဒေါ်လာ ၁၃၅၀၀၀ အပါအဝင် ဆုကြေးငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၅၀၀၀၀ ချီးမြှင့်မည်ဖြစ်သည်။

"Leopalace 21 Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲကို ပြန်လည်ကျင်းပတာဟာ အားလုံးအတွက် အလားအလာကောင်းတွေရှိပါတယ်။ နိုင်ငံတကာက ဂေါက်သီးကစားသမားကောင်းတွေ လာရောက်ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် မြန်မာကစားသမားတွေ အတွေ့အကြုံကောင်းများ အများကြီးရရှိမှာပါ"ဟု Asian Tour ဥက္ကဋ္ဌ ဦးကြည်လှဟန်က ပြောကြားသည်။ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက "ဒီလိုပြိုင်ပွဲမျိုး ကျင်းပနိုင်တာဟာ မြန်မာကစားသမားတွေ ကြိုးစားချင်စိတ်ရှိအောင် တွန်းအားပေးနေသလိုပါပဲ။ ဒီပြိုင်ပွဲကြီးဖြစ်မြောက်အောင် ဝိုင်းဝန်းပံ့ပိုးကူညီပေးတဲ့သူတွေ၊ Title Sponsor Leopalace 21၊ Asian Tour နဲ့ Japan Golf Tour တို့ကို ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

မြန်မာပီဂျီအေ အတွင်းရေးမှူး ဦးချမ်းဟန်က "ဒီပြိုင်ပွဲကို နိုင်ငံတကာနဲ့ မြန်မာကစားသမား ၁၀၀ ကျော် ယှဉ်ပြိုင်မှာပါ။ ဆုကြေးငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၅၀၀၀၀ ချီးမြှင့်မှာဖြစ်ပြီး အဆင့် (၁)ကနေ (၆၅)အထိ ဆုချီးမြှင့်မှာပါ"ဟု ပြောကြားခဲ့သည်။ မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲကို (၁၃) ကြိမ်မြောက် ကျင်းပခြင်းလည်းဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

# မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁**



အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်က အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၆ ခုနှစ် ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲကို လာမည့် ဇန်နဝါရီ ၂၃ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ ကျိုက္ကဆံမြားပစ်အားကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁ ရက် နံနက် ၁၀ နာရီက အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပသော ကြိုတင်ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအနေဖြင့် Compound နှင့် Recurve ပြိုင်ပွဲများ ထည့်သွင်းထားပြီး Recurve ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး တစ်ဦးချင်း မီတာ ၇၀ အမှတ်ပေးပြိုင်ပွဲ၊ တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ၊ အသင်းလိုက်အမှတ်ပေးပြိုင်ပွဲ၊ အသင်းလိုက်ရှုံးထွက်ပြိုင်ပွဲ၊ Mix Team ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။ Compound ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး တစ်ဦးချင်း မီတာ ၅၀ အမှတ်ပေးပြိုင်ပွဲ၊ တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ၊ အသင်းလိုက်အမှတ်ပေးပြိုင်ပွဲ၊ အသင်းလိုက်ရှုံးထွက်ပြိုင်ပွဲ၊ Mix Team ပြိုင်ပွဲစုစုပေါင်း ပြိုင်ပွဲ အမျိုးအစား ၁၀ မျိုးပါဝင်ပြီး ဆုတံဆိပ်အနေဖြင့် ရွှေ ၁၈ ခု၊ ငွေ ၁၈ ခုနှင့် ကြေး ၁၈ ခု စုစုပေါင်း ၅၄ ခု ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲသို့ အိမ်ရှင်မြန်မာနိုင်ငံမြားပစ် လက်ရွေးစင်အသင်းမှ Compound ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး လေးဦး၊ Recurve ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး လေးဦး တန်းပြည့်ပါဝင်မည်ဖြစ်ပြီး ပြည်ပနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ အီရန်၊ အီရတ်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ နီပေါ၊ စင်ကာပူ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့မှ အားကစားသမား ၁၅၀ ဝန်းကျင် လာရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ကမ္ဘာ့မြားပစ်အဖွဲ့ချုပ်၏ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားတွင် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Sanguan Kosawingaတို့ တက်ရောက်အားပေးမည်ဖြစ်သည့်အတွက် မြန်မာ့ရိုးရာသိုင်း၊ မြန်မာ့ရိုးရာခြင်းလုံးတို့အပြင် တင်းပုတ်အားကစားနည်းကိုပါ သရုပ်ပြသသွားရန် စီစဉ်ထားကြောင်း သိရသည်။

ကြိုတင်ညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဖြိုးကိုကိုတင့်ဆန်း၊ အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦး၊ ရန်ကုန်တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီးဦးစိုးအောင်၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(ခင်ဇာလီ)**


# အငှားယာဉ်ပေါ်တွင် နိုင်ငံခြားသားများမေ့ကျန်ခဲ့သော ပစ္စည်းများကို ရန်ကုန်လေဆိပ်တွင် အချိန်မီပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၁**

နိုဝင်ဘာ ၂၈ ရက် ည ၇ နာရီက အငှားယာဉ်ပေါ်တွင် နိုင်ငံခြားသားခရီးသည် အမျိုးသားသုံးဦး မေ့ကျန်ခဲ့သော ခရီးဆောင်အိတ်သုံးလုံးကို ပိုင်ရှင်ထံပေးအပ်နိုင်ရန် အဆင့်ဆင့်ဆက်သွယ်ပြီး ပြည်ပသို့ မထွက်ခွာမီ ရန်ကုန်လေဆိပ်တွင် အချိန်မီပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

"သူတို့နေရာက လမ်းမတော်မြို့နယ် ပြည်လမ်းမပေါ်ရှိ Tawwin Garden Hotel ကနေငှားတာ။ ဟိုတယ်ဝန်ထမ်းတွေက သူတို့ဘာသာကားနောက်တံခါးဖွင့်ပြီး ပစ္စည်းတွေ တင်ပေးလိုက်တာ။ ကျွန်တော်က အဲဒီဘက်ကို သတိမထားမိလိုက်ဘူး။ သူတို့ငှားတဲ့ ၉ မိုင် ပြည်လမ်းမပေါ်က Ocean ရှေ့မှာ ချပေးတယ်။ သူတို့ဆင်းသွားတော့ ကျွန်တော့်ကို လက်ပြနှုတ်ဆက်ပြီး အေးအေးဆေးဆေးပဲလမ်းလျှောက်သွားကြတယ်။ သူတို့ကလည်း သူတို့ပစ္စည်းတွေကို မေ့နေတယ်။ ကျွန်တော်လည်း သတိမရဘူး။ အဲဒီလိုနဲ့ ကျွန်တော်လည်း ကားဆက်ဆွဲနေတယ်။ နှစ်ဦး၊ သုံးဦးလောက် ခရီးသည်ပို့ပြီးတဲ့အချိန်မှာ စုံတွဲတစ်တွဲက သူတို့စက်ဘီးပျက်နေလို့ ကျွန်တော့်ကားကိုငှားတယ်။ စက်ဘီးကို နောက်ခန်းမှာတင်ဖို့ တံခါးဖွင့်တော့မှ နိုင်ငံခြားသားတွေ ပစ္စည်းမေ့ကျန်ခဲ့မှန်းသိရတယ်။ သိသိချင်းပဲ သူတို့ပစ္စည်းတွေကို ဖွင့်ဖောက်ကိုင်တွယ်ကြည့်ခြင်းမပြုဘဲ နီးစပ်ရာ ရပ်ကွက်လူကြီးတွေကို အသိပေးပြီး "ရွှေဟသ်ာ" ခရီးသည်ပို့ဆောင်ရေးနှင့် လူမှုကူညီရေးအသင်းမှ အငှားယာဉ်ဖြစ်တဲ့အတွက် အသင်းမှ တာဝန်ရှိသူတွေကို လာရောက်ဖြေရှင်းပေးဖို့ အကြောင်းကြားပြီး အချိန်နှင့်တစ်ပြေးညီ ပေးအပ်နိုင်ဖို့ တော်ဝင်ဟိုတယ်နှင့် ဆက်သွယ်ကာ အဆင့်ဆင့်စုံစမ်းပြီး ည ၁၁ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အချိန်မီသွားရောက်ပေးအပ်နိုင်ခဲ့ပါတယ်"ဟု အငှားယာဉ်မောင်း ဦးရန်ရှင်းက ပြောပြသည်။

**(၆၈၂)**



# ဂျာမနီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ရှမ်းပြည်နယ်အတွင်းရှိ အမျိုးသမီးလုပ်ငန်းရှင်များအား ကူညီပံ့ပိုး

**ရန်ကုန် ဒီဇင်ဘာ ၁**

အမျိုးသမီးစွန့်ဦးတီထွင်လုပ်ငန်းရှင်များအဖွဲ့အစည်း (Women Entrepreneurship Working Group) မှ စီစဉ်ပြီး ဂျာမနီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (GIZ)မှ ကူညီပံ့ပိုးကာ ရှမ်းပြည်နယ်အတွင်းရှိ အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပိုမိုတိုးတက်သော အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များဖြစ်လာစေရန် များပြားလှသော အခွင့်အလမ်းများနှင့် ချိတ်ဆက်ပေးသည့် "Market Place" ကုန်စည်ပြပွဲကို နိုဝင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ပြုလုပ်ခဲ့ကြောင်း GIZ အဖွဲ့မှ သိရသည်။

ဂျာမနီ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (GIZ) ၏ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ဦးဆောင်သူ Mrs. Irina Scheffmann က "အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ စီးပွားရေးလုပ်ငန်းတွေမှာအောင်မြင်ဖို့ ကြိုးစားအားထုတ်နေတာကို တွေ့ရှိရတဲ့အတွက် လွန်စွာဝမ်းမြောက်မိပါတယ်။ ဒါ့အပြင် "GIZ" မှ မြန်မာအသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ အကျိုးအမြတ်အတွက် ယခုလို ဆက်သွယ်ရေးကွန်ရက်အား ကူညီထောက်ပံ့ပေးနိုင်ခြင်းကို အထူးဂုဏ်ယူမိပါတယ်" ဟု ပြောကြားခဲ့သည်။

လူထုသန်းပေါင်းများစွာအား စွန့်ဦးတီထွင်လုပ်ငန်းဆိုင်ရာ လုပ်ဆောင်မှုများတွင် ဝင်ရောက်ပါဝင်စေရန် နှိုးဆော်ပေးပြီးတစ်ပြိုင်နက် ၎င်းတို့အား အလားအလာရှိသော ပူးပေါင်းဆောင်ရွက်သူ၊ လမ်းညွှန်သူ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ပေးသည့် အပြည်ပြည်ဆိုင်ရာစွန့်ဦးတီထွင်သူများရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို နှစ်စဉ် ကမ္ဘာတစ်ဝန်းလုံးတွင် နိုဝင်ဘာလ၏ ရက်သတ္တပတ်တစ်ခုတွင် ကျင်းပလေ့ရှိရာ ယခုရှမ်းပြည်နယ်တွင် ပြုလုပ်သည့်အခမ်းအနားသည်လည်း တစ်စိတ်တစ်ဒေသဖြစ်ကြောင်းသိရသည်။

Inle Princess အဖွဲ့အစည်းမှ မန်နေဂျင်းဒါရိုက်တာ Inthar Heritage House သင်တန်းကျောင်းတည်ထောင်သူ ဒေါ်ယဉ်မျိုးစုက "တစ်ဦးချင်းအောင်မြင်ခြင်းထက် အဖွဲ့လိုက်စုပေါင်းအောင်မြင်မှုကို ရယူနိုင်ရန်နဲ့ စဉ်းစားလက်ခံနိုင်ရန်မှာ ကျွန်မတို့ စီးပွားရေးလောကမှာ လွန်စွာအရေးကြီးပါတယ်။ အတူတကွ ပူးပေါင်းဆောင်ရွက်မှုနဲ့ အခြားသူတွေထံမှ သင်ယူခြင်းဖြင့် ကျွန်မတို့ရဲ့ အရည်အချင်းနဲ့ ဗဟုသုတတွေကို တိုးမြှင့်နိုင်မှာဖြစ်ပါတယ်" ဟု ပြောသည်။

ရှမ်းပြည်နယ်ရှိ "Than Nwe Aung" LCCI သင်တန်းကျောင်း တည်ထောင်သူ WEWG ၏ အဓိကကျသော အသင်းဝင်တစ်ဦးဖြစ်သည့် ဒေါ်သန်းနွယ်အောင်က "ကျွန်မ မသန်စွမ်းတစ်ဦးဖြစ်ပေမယ့် ဒီလိုအခမ်းအနားမျိုးတွေမှာ အခြားသူတွေလိုပဲ တာဝန်နဲ့ ဝတ္တရားညီညီမျှမျှရှိတယ်လို့ ခံယူထားပါတယ်။ ဖိနှိပ်ခွဲခြားဆက်ဆံခံရတယ်လို့ တစ်ခါမှ မခံစားခဲ့ရပါဘူး။ အမျိုးသားများဦးဆောင်လုပ်ကိုင်နေတဲ့ လုပ်ငန်းတွေမှာ အမျိုးသမီးလုပ်ငန်းရှင်တွေကလည်း အောင်မြင်စွာ ဦးစီးလုပ်ကိုင်နေတာ တွေ့မြင်နေရပါပြီ" ဟု ပြောကြားခဲ့ပါသည်။

နန်းစံအိမ် ရိုးရာချည်ထည်ထုတ်လုပ်မှုလုပ်ငန်းပိုင်ရှင် ဒေါ်နန်းစံလှိုင်းသည် အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်များ WEWG လှုပ်ရှားမှုများမှတစ်ဆင့် အကျိုးခံစားမှုများရရှိမည်ကိုယုံကြည်ကြောင်း ပြောကြားခဲ့သည်။ ၎င်းမှ ဆက်လက်၍ "ကျွန်မအနေနဲ့ အခုလို အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်တွေကို တွေ့ရတဲ့အတွက် အလွန်ပဲဝမ်းသာပါတယ်။ ကျွန်မတို့အားလုံးမှာ ကွဲပြားခြားနားတဲ့ အားသာချက်တွေနဲ့ စွမ်းရည်တွေရှိကြပါတယ်။ ဒီအခမ်းအနားမှာ တစ်ဦးနဲ့တစ်ဦး တွေ့ကြုံရမယ့် နေ့စဉ်ရင်ဆိုင်မှုအသစ်တွေကို ဘယ်လိုကိုင်တွယ်ဆုံးဖြတ်သင့်ကြောင်း အချင်းချင်းအားပေးကူညီနှစ်သိမ့်ခဲ့ကြပါတယ်" ဟု ပြောကြားခဲ့ပါသည်။

GIZ ၏ ပံ့ပိုးမှုဖြင့် မြန်မာအမျိုးသမီးစွန့်ဦးတီထွင် စွမ်းဆောင်ရှင်များ အလုပ်အဖွဲ့ (Women Entrepreneurship Working Group) WEWG ကို ရှမ်းပြည်နယ်၌ မေလတွင် တည်ထောင်ခဲ့ပြီး အချိန်ကာလတိုအတွင်း အသင်းဝင် ၇၅ ဦးအထိ တိုးပွားလာခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးများနှင့် ရှမ်းပြည်နယ်အား အထူးအလေးပေးထားသော်လည်း GIZ အဖွဲ့အစည်းသည် ယေဘုယျအားဖြင့် မြန်မာစွန့်ဦးတီထွင် စွမ်းဆောင်ရှင်များအား အထူးအာရုံစိုက်ပံ့ပိုးကူညီနေခြင်းဖြစ်သည်။ လတ်တလောအချိန်တွင် နည်းပြဆရာ ၅၅ ဦးအား အပြည်ပြည်ဆိုင်ရာ စွန့်ဦးတီထွင်လုပ်ငန်းဆိုင်ရာ နည်းပညာများကို သင်ကြားပို့ချပေးလျက်ရှိပြီး ထိုနည်းပြဆရာများက အခြားသူများအား ၎င်းတို့ သင်ယူထားသော အတတ်ပညာကို ဝေမျှလက်ဆင့်ကမ်းနိုင်ရန် ကူညီပေးနေကြောင်း သိရသည်။

ထို့ပြင် ယနေ့အထိ စွန့်ဦးတီထွင်လုပ်ငန်းရှင် ၅၀၀ ကျော်နှင့် ဘဏ်ဝန်ထမ်း ၂၀၀ ကျော်အား မြန်မာဘာသာဖြင့် သင်တန်းများ ပို့ချပေးပြီးဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) နှင့် ပူးပေါင်းပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု ဝန်ဆောင်မှုပေးသော ပံ့ပိုးထောက်ပံ့ပေးသူ စီးပွားရေး အဖွဲ့အစည်းများ (Business Service Providers) (ရန်ကုန်မြို့မှ အပ အခြားမြို့နယ်များတွင် တည်ရှိသော လုပ်ငန်းအဖွဲ့အစည်း ၁၂ ခု) ကို စွန့်ဦးတီထွင်လုပ်ငန်းရှင် နည်းပညာများအား ၎င်းတို့၏တည်ရှိပြီး သင်ရိုးညွှန်းတမ်းများနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ကူညီပေးလျက်ရှိသည့်အပြင် ပုဂ္ဂလိကကဏ္ဍ စွန့်ဦးတီထွင် လုပ်ကိုင်မှုဆိုင်ရာ ကျွမ်းကျင်မှုနှင့် ဆက်စပ်သော လမ်းညွှန်မှုများကို မကွေး၊ ပုသိမ်၊ တောင်ကြီးနှင့် အခြားမြန်မာပြည်အနှံ့ မြို့များတွင် GIZ မှ ဦးစီးသော ဆင့်ပွားဆရာဖြစ်သင်တန်း (Training of Trainer) နှင့် လုပ်ငန်းခွင်တွင် လမ်းညွှန်ပေးခြင်း (on-the-job-coaching) တို့မှတစ်ဆင့် လေ့လာသင်ယူရရှိနိုင်ကြောင်း သိရသည်။

နိုဝင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ရှမ်းပြည်နယ်တွင် ကျင်းပသော "Market Place" ကုန်စည်ပြပွဲ အခမ်းအနားတွင် ဟိုတယ်လုပ်ငန်းပိုင်ရှင်များမှ အဝတ်အထည်ချုပ်လုပ်သူများအထိ ပါဝင်သည့် စုစုပေါင်းအမျိုးသမီးလုပ်ငန်းရှင် ၄၄ ဦးတို့သည် ၎င်းတို့၏ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုတို့အား ပြသတင်ဆက်ခဲ့ပြီး ရှမ်းပြည်နယ်အတွင်းရှိ အမျိုးသမီးစွန့်ဦးတီထွင်လုပ်ငန်းရှင်များ ရင်ဆိုင်ကြုံတွေ့နေရသော အခွင့်အလမ်းများနှင့် အခက်အခဲများကို အတွေ့အကြုံရှိသူများက ဦးဆောင်ဟောပြောဆွေးနွေးခဲ့ပြီး စိတ်ပါဝင်စားသူများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**သီသီမင်း**



## စကောကရင် သင်ရိုးညွှန်းတမ်းဖတ်စာအုပ်ပြုစုရေး စည်းဝေး

**ပဲခူး ဒီဇင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး စကောကရင် သင်ရိုးညွှန်းတမ်း ဖတ်စာအုပ်ပြုစုရေးကော်မတီက ညှိနှိုင်းအစည်းအဝေးပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက် ၈ နာရီခွဲက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ကရင်တိုင်းရင်းသားရေးရာဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျူဘလီစံလှက အမှာစကားပြောကြားပြီး စကောကရင်သင်ရိုးညွှန်းတမ်း ဖတ်စာအုပ်ပြုစုရေးကော်မတီ ဥက္ကဋ္ဌ စောစေးဝါးညွှန့်က တတိယတန်းဖတ်စာအုပ်ပြုစုထားမှုအခြေအနေကို ရှင်းလင်းတင်ပြကာ တက်ရောက်လာသော ကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည့်အပြင် စတုတ္ထတန်းဖတ်စာအုပ်အတွက်ပါ ဆွေးနွေးတင်ပြကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ကရင်စာပေကို ၂၀၁၃ ခုနှစ်မှစတင်ပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ် ကျောင်းပေါင်း ၄၀၀၊ ဆရာဆရာမဦးရေ ၁၄၀၀၊ ကျောင်းသားကျောင်းသူ ၃၀၀ ကျော်တို့အား အစိုးရစာသင်ကျောင်းများ၏ ပြင်ပစာသင်ချိန်များတွင် သင်ကြားလျက်ရှိကာ စကောကရင်သင်ရိုးညွှန်းတမ်းဖတ်စာအုပ်ကို သူငယ်တန်းမှ ဒုတိယတန်းအထိသာ အစိုးရအသိအမှတ်ပြု သင်ကြားပေးလျက်ရှိသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တတိယတန်းမှ စတုတ္ထတန်းအထိ ဆက်လက် သင်ကြားနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းဖတ်စာအုပ်များနှင့် ပတ်သက်၍ ပြုစုရေးကော်မတီက ညှိနှိုင်းအစည်းအဝေး ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**(၅၈၇)**

## မလှိုင်မြို့၌ ကျေးရွာသုံးထင်းစိုက်ခင်းများ လွှဲပြောင်းပေးအပ်

**မလှိုင် ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ဧက ၅၀ ရှိ ကျေးရွာသုံး ထင်းစိုက်ခင်း ဧက ၅၀ အား နိုဝင်ဘာ ၂၉ ရက်က လွှဲပြောင်းပေးအပ်ပွဲကို မြောက်လည်ကျေးရွာ အမက ကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျေးရွာသုံးထင်းစိုက်ခင်းများကို နှစ်စဉ် စိုက်ပျိုးပေးလျက်ရှိရာ အဆိုပါထင်းစိုက်ခင်းများ ငါးနှစ်သားပြည့်မြောက်ပြီးပါက ဒေသခံကျေးရွာများသို့ လွှဲပြောင်းပေးအပ်လျက်ရှိပြီး စနစ်တကျ ထိန်းသိမ်းထုတ်ယူသုံးစွဲနိုင်ရေးအတွက် ဒေသခံကျေးရွာများမှ ကျေးရွာကိုယ်စားပြုကော်မတီများဖွဲ့စည်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

ထုတ်ယူသုံးစွဲပြီး စိုက်ခင်းများနေရာ၌လည်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ကျေးရွာသုံးထင်းစိုက်ခင်းများကို ပြန်လည်တည်ထောင်စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

## သာစည်မြို့နယ်အတွင်းရှိ ကျေးလက်နေအမျိုးသမီးများ ဖက်ပွင့်ကောက်၍ ရောင်းချခြင်းဖြင့် စားဝတ်နေရေးအဆင်ပြေ

**သာစည် ဒီဇင်ဘာ ၁**

ကျေးလက် ဒေသများတွင် တောတောင်များထဲ၌ အလေ့ကျ ပေါက်ရောက်နေကြသည့် ဖက်ပင်မှ ကြွေကျသည့် ဖက်ပွင့်များကိုကောက်ယူပြီး သာစည်ဈေးတွင် လာရောက်ရောင်းချနေကြသည့် ကျေးလက်တောရွာများမှ အမျိုးသမီးငယ်လေးများ ဖက်ပွင့်ရောင်းရငွေဖြင့် မိသားစု စားဝတ်နေရေး အဆင်ပြေနေကြကြောင်း သိရသည်။

"ကျွန်မတို့က နေ့ခင်းပိုင်းဆိုရင် အိမ်မှာအနားယူချိန်မရှိပါဘူး။ ရွာရဲ့ ဝန်းကျင်မှာရှိတဲ့ တောတောင်ထဲကို သွားပြီး ဖက်ပင်ကိုရှာဖွေပါတယ်။ တွေ့ရင် အပင်အောက်မှာကြွေကျနေတဲ့ ဖက်ပွင့်တွေကို ကောက်ရပါတယ်။ ပြီးတော့ ပါလာတဲ့တောင်းထဲကို ထည့်ပြီး နေညိုချိန်ကျမှ အိမ်ပြန်ရပါတယ်။ အိမ်ရောက်တော့ ရလာတဲ့ ဖက်ပွင့်တွေကို နှီးနဲ့ ငါးပွင့်ကိုတစ်ကုံး ကုံးရပါတယ်။ မနက်ကျတော့ မြို့ပေါ်ဈေးသွားပြီး အကုံးငါးကုံးတစ်တွဲကို ငွေကျပ် ၂၅၀ နဲ့ ရောင်းရပါတယ်။ တစ်နေ့ ဖက်ပွင့်ရောင်းရငွေက ခြောက်ထောင်ကျပ်အထိ ရပါတယ်။ ဒီနှစ်မှာ မိုးခေါင်တော့ ဖက်ပွင့်တွေက ထင်သလောက်မပွင့်ကြပါဘူး"ဟု ကြက်မောက်ကျေးရွာမှ သာစည်ဈေးတွင် ဖက်ပွင့်ရောင်းချသူ မလှလှသင်းက ပြောသည်။

သာစည်ဈေးတွင် ရောင်းချနေကြသည့် ဖက်ပွင့်များသည် ချမ်းသာကြီး၊ ကြက်မောက်၊ ဇီးတော၊ သာစည်လေး၊ သမန်းကန်ကျေးရွာနှင့် ဆည်ကြီးကျေးရွာတို့မှဖြစ်ကြောင်း သိရပြီး ဖက်ပင်သည် အပင်ကြီးမျိုးဖြစ်ကြောင်း၊ နှစ်စဉ် တန်ဆောင်မုန်းလရောက်တိုင်း စတင်ပွင့်၍ တပို့တွဲလအထိပွင့်ကြကြောင်း သိရသည်။

ဖက်ပွင့်နှင့်ပတ်သက်၍ ဖက်ပွင့်ကို ကြိုက်နှစ်သက်ပြီး သုံးစွဲသူ သာစည်မြို့ အမှတ်(၇)ရပ်ကွက်မှ ဦးမျိုးသက်အောင်က "ကျွန်တော်တို့ ဖက်ပွင့်ကို ကြိုက်တယ်။ ဖက်ပွင့်က ဆေးဖက်ဝင်တယ်လို့ သိရပါတယ်။ အပွင့်ကို အခြောက်လှန်းပြီး ငါးခြောက်သို့မဟုတ် အမဲခြောက်နဲ့ ချက်စားလို့လည်းရတယ်။ ခရမ်းချဉ်သီးချက်ချက်ပြီးတော့လည်း ဖက်ပွင့်ကို မြှုပ်စားလို့ရတယ်။ ဖက်ပွင့်က ခါးသက်တဲ့ အရသာရှိတယ်။ လေကိုနိုင်တယ်။ အိပ်မပျော်သူတွေ ဖက်ပွင့်ကို သုပ်စားရင် အိပ်ပျော်စေတယ်။ သွေးအားကိုလည်း တိုးစေပါတယ်။ ကျွန်တော်တို့ ဖက်ပွင့်ကို သူ့ရာသီရောက်တိုင်း ဝယ်ယူပြီး အမြဲစားသုံးပါတယ်"ဟု ဆိုသည်။

**မောင်ကို (သာစည်)**

၀၀၀



# အင်တာနက်ဆိုသည်မှာ

Internet ဆိုသည်မှာ စာပေဟင်းလေးအိုးကြီးဟု မြန်မာမှုပြုရမည်ဖြစ်ပါသည်။

ထိုဟင်းလေးအိုးကြီးအား အသုံးချတတ်ပါက "ဆေးတစ်လက်" ဖြစ်စေမည်ဖြစ်ပြီး မသုံးတတ်ပါက "ဘေး" ဖြစ်စေတော့မည်မှာ လက်တစ်တို့အတွင်း၌သာ ရှိပါသည်။ ပြီးခဲ့သည့် နိုဝင်ဘာ ၂၄ ရက်နေ့ထုတ် သတင်းစာ၌ ချန်ခဲ့သည့်(၃) "သွားနေကျအတိုင်းသွား၍ လုပ်ဆောင်စရာများလုပ်ပါတော့မည်"ကို ဆက်ခြင်းပင် ဖြစ်ပါသည်။ လွယ်စေရန်(net)ဟု သုံးပါမည်။ net သုံးရာတွင် သာမန်အဆင့်သုံးသူများလည်းရှိပါသည်။ Application (Apk) အပလီကေးရှင်းများသုံး၍ net အသုံးပြုသူများဖြစ်ကြပါသည်။ You Tube,BBC News, VOA, Myanmar News, ဧရာဝတီ၊ သစ်ထူးလွင်သည်Apk ပေါင်းများစွာရှိပါ၏။ အလို အလျောက် Download ဆွဲပြီး သတင်းများအား အသင့်ဖတ်နိုင်အောင်စီစဉ်ပေးထားသည့် APK ပေါင်း သောင်းခြောက်ထောင်တို့အား ကြိုက်ရာထည့်သွင်းပြီး net ဖွင့်၍ အသုံးပြုသူများပင်ဖြစ်ပါသည်။ အလို အလျောက်ဒေါင်းသည်ဟု ဆိုထားပါသည်။ ဒေါင်းတာ နှင့်တစ်ပြိုင်တည်း ငွေပါကုန်တော့မည်ဖြစ်ပါသည်။ APKအများကြီးတင်ထားလျှင် အများကြီးဒေါင်း၍ အများကြီးကုန်မည်ဖြစ်သဖြင့် ကိုယ်တိုင်ကျွမ်းကျွမ်း ကျင်ကျင် နားလည်သည့် APK တစ်ခုသာလျှင် သုံးစေ ချင်ပါသည်။ သို့မှသာ ငွေကုန်သက်သာ၍ ဘက်ထရီလည်း အစားသက်သာမည်ဖြစ်ပါသည်။ နောက်ထပ်၍ အဆင့်မြင့် net သုံးရာတွင် Account (အကောင့်) ဟုခေါ်ဆိုသည့် စကားလုံးနှင့် စတင်တွေ့ရပါမည်။ အကောင့်ဆိုသည်မှာ User Name နှင့် Password ဟုရှိရမည့် အတွဲတစ်တွဲပင်ဖြစ်ပါသည်။ Email,Gmail ဟုခေါ်ဆိုနေကြသည့် ကိုယ်ပိုင် Mail တစ်ခုတော့ရှိ ရပါမည်။ သာဓကမှာ ကိုယ်ပိုင်စာတိုက်နှင့် စာသေတ္တာ ပုံးရှိသကဲ့သို့ပင်တည်း။ ကိုယ်ကိုယ်တိုင်လည်းထည့် နိုင်သည်။ သူများတကာတို့၏ စာများ၊ Data များအား လည်းလက်ခံနိုင်သည်။ ကြိုက်သည့်အချိန်ဖွင့်ဖတ်၍ ရသည်။ မဖတ်ချင်လျှင်လည်း ရသည်။ နှစ်ကာလအကန့် အသတ်မရှိ၊ ထုထည်မရှိ၊ မှတ်သားသိမ်းဆည်းထား နိုင်သည့် ဘယ်သောအခါမှ မမေ့နိုင်သည့် ဦးနှောက်ကြီး တစ်ခုဟု တင်စားပြောဆိုထိုက်ပါ၏။ ထို Mail ကို အသုံးပြု၍စာများ၊ Dataများ၊ ပုံများရေးနိုင်ပို့နိုင်ကြ၏။ လက်ခံနိုင်၊ သိမ်းဆည်းနိုင်ကြ၏။ ထိုသို့ Mail တစ်ခုရယူ ပုံအား မတင်ပြခင်ကြားဖြတ်၍ ဗဟုသုတတစ်ခုပေးချင် ပါသည်။ ကွန်ပျူတာအသေးစားဖြစ်သည့် Smart Phone မှနေ၍ သီချင်း (mp3), ဗီဒီယို (mp4), ဓာတ်ပုံ (Photo) စသည်တို့၏ နေရာယူမှုကား သတ်မှတ်ချက်ရှိသည့် ဗဟုသုတပင် ဖြစ်ပါသည်။ ဘယ်လောက်နေရာယူသလဲ ဆိုသည့် အရွယ်အစားပမာဏအား File Size အဖြစ် သတ်မှတ်ပါ၏။ ထို File Size အား ယူနစ်အနေဖြင့် သိထားသင့်ပါသည်။ စာလုံးများ၊ ပုံများ၊ အရောင်များ၊ သီချင်းများအား binary data အဖြစ် (1နှင့်0)နှစ်မျိုး ပါဝင်သည့် စာတစ်လုံး၊ ကိန်းတစ်လုံးအဖြစ် ကိုယ်စားပြု၍ 0(or)1 ကို bit ဟု စတင်သတ်မှတ်၏။ File ဆိုသည်မှာ bit တို့ဖြင့်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။

| | | |
|---|---|---|
| 1 bit | - | 1 (or) 0 (b) |
| 8 bit | - | 1 byte (B) |
| 1024 byte | - | 1 Kilobyte (KB) ကီလိုဘိုက် |
| 1024 Kilobyte | - | 1 Megabyte(MB) မီဂါဘိုက် |

## ဖုန်းဒေါ်ကတာ

| | | |
|---|---|---|
| 1024 Megabyte | - | 1 Gigabyte(GB) ဂီဂါဘိုက် |
| 1024 Gigabyte | - | 1 Terbyte(TB) တီရာဘိုက် |

စသည့် ယူနစ်တို့ဖြင့် တိုင်းတာယူရပါသည်။ 1 KB အရွယ်အစားရှိ File တစ်ခုတွင် bit (1024×8)=8192 ပါရှိ၏။ mp3 သီချင်းတစ်ပုဒ်၏ တစ်မိနစ်စာသည် 1 MB ဖြစ်သည်။ CD တစ်ချပ်သည် 700 MB ဝင်ဆံ့၏။ မန်မိုရီကတ်များ၊ ဖုန်းမှတ်ဉာဏ်နှင့် ဒေါင်းလုတ်ဆွဲယူသည့် File Size တို့အား တွက်ချက်တတ်အောင် တင်ပြ ပေးခြင်းဖြစ်ပါသည်။ ကိုယ်ပိုင် Mail ရယူလိုသူများအတွက် ရယူနိုင်ရန် ရှင်းပြပါမည်။ Internet သုံးသည်ဆိုရာတွင် အဓိကအားဖြင့် Search Engine Company ကြီးဖြစ်သည့် Google အား အသုံးပြုကြခြင်းပင်ဖြစ်ပါသည်။ သင်၏ ဖုန်းမျက်နှာစာရှိ Browser (or) Internet(or) Firefox အစရှိသည့် Browser တစ်ခုအား တို့ထိ၍ဖွင့်လိုက်ပါ။ Address Bar(or)Search Box တွင် ရှာလိုသမျှ ထည့်ရိုက်၍ ရှာလျှင်တွေ့နိုင်ပါသည်။ How to get ဆိုသည့်စကားလုံးအား တွင်တွင်သုံးရပါလိမ့်မည်။ ရှာလို သည့် အကြောင်းအရာကို ရိုက်ပြီးလျှင် ရှာလိုသည့်နိုင်ငံ(သို့) နေရာတစ်ခုခုထည့်ရိုက်ပေးလျှင် ပိုမိုမြန်ဆန်ပါလိမ့်မည်။ ဥပမာ- MPT Show Room ၏ လိပ်စာကိုသိလိုလျှင် How to get MPT Show Room address in Yangon စသည်ဖြင့်ရိုက်လျှင် လျင်မြန်စွာရပါ၏။ ယခု Mail အသစ်တစ်ခုရယူပါတော့မည်။ net ဖွင့်ထားပါ။ Browser တစ်ခုအားဖွင့်ပြီး Search Box တွင် Gmail ဟု ရိုက်ပါ။ Gmail, Email From Google ကိုတွေ့လျှင် ဆက်နှိပ်ပြီး သွားပါ။ Log in Page သို့ရောက်လျှင် Create and Account နှိပ်၍ Account အသစ်တစ်ခုရယူရန် ဖန်တီး ခိုင်းလိုက်ပါ။ New Account တည်ဆောက်ရန် ဇယား ကွက်များ၌ သင်၏အချက်အလက်များကို ရေးထည့်ပါ။ First Name,Last Name တို့ဖြည့်ပါ။ User Name မှာ သင့်အကောင့်နာမည်ပင်ဖြစ်ပါသည်။ နာမည်တူရှိနေလျှင် ဂဏန်းများနှင့်တွဲ၍ အဘ goole မှ နေ၍ ကူညီပေးပါမည်။ Password ပေးရပါမည်။ အနည်းဆုံး(အက္ခရာနှင့်ဂဏန်း ရောပြီး ၈ လုံး) ရှိရမည်။ အစိမ်းရောင်ကာလာပြောင်းသည် အထိစောင့်ပေးရပါမည်။ မွေးနေ့သက္ကရာဇ်ထည့်ပေး ရပါမည်။ လ၊ နေ့၊ သက္ကရာဇ်ဖြစ်ပါသည်။ ကျား၊ မ ရွေးချယ်ထည့်ပါ။ လက်ရှိသုံးနေသည့် သင့်ဖုန်းနံပါတ်မှ "ဝ" တစ်လုံးဖြုတ်၍ "9" မှစ၍ မှန်အောင်ထည့်ပါ။ နောက်ထပ်လက်ရှိသုံးနေသည့် သင့်သူငယ်ချင်း မိတ်ဆွေတစ်ယောက်၏ Gmail တစ်ခုအား ထည့်ပေး ရပါမည်။ စကားလိမ်ရေးထားသောစာများ မှန်အောင် ပြန်ရိုက်ထည့်ပေးရပါမည်။ I agree to တွင် အမှတ် တပ်ပါ။ Google may use တွင် အမှတ်မတပ်ပါနှင့်။ next step ကိုနှိပ်ပါ။ Verify Page သို့ ရောက်ရှိလာ သည်ကို တွေ့ရမည်။ သင့်ဖုန်းနံပါတ်ထပ်ထည့်ပေးရ ပါဦးမည်။ text message ကိုရွေးလျှင် သင့် code နံပါတ်အား message ဖြင့် ပို့ပေးမည်ဖြစ်ပြီး voice call ကိုရွေးလျှင် သင့်ဖုန်းအားပြန်ခေါ်၍ ဂဏန်း ခြောက်လုံးပါသော ကုတ်နံပါတ်အား နှစ်ကြိမ်ပြောပါ လိမ့်မည်။ စာရွက်ဖြင့် ရေးမှတ်ထားရပါမည်။ ကြိုက်ရာ ရွေးပြီး အမှတ်တပ်၍ continue ကို နှိပ်လိုက်ပါ။ message ကို ရွေးချယ်ခဲ့လျှင် သင့်ဖုန်းထဲမှ message အားသွားဖွင့်ကြည့်ပါက verify code ဂဏန်းခြောက်လုံး အား တွေ့ရမည်။ သေချာမှတ်သား၍code number နေရာတွင် ပြန်ရိုက်ထည့်ပေးပါ။ Gmail အကောင့် အသစ်တစ်ခု သင်ရရှိမည်ဖြစ်ပါသည်။ ဖော်ပြပါ အကြောင်းအရာများ လုပ်ဆောင်ရာတွင် စိတ်ရှည်ရှည် ထားပြီး စောင့်ဆိုင်းလုပ်ဆောင်ရမည်ဖြစ်သည်ကို မမေ့နှင့်။ Welcome Page တစ်ခုထွက်ပေါ်လာလျှင် continue Gmail ကိုနှိပ်ပါ။ သင့်အတွက် Inbox တွင် စာလေးစောင် ရောက်နေပါလိမ့်မည်။ အောက်ဆုံးမှ sign out ကို နှိပ်၍ ပြန်ထွက်လိုက်ပါ။ Gmail ပထမဆုံး စာမျက်နှာအား ပြန်ဖွင့်၍ sign in ဝင်ပေါက် မှနေ၍ User Name,Password တို့ပြန်ထည့်ရိုက်ရုံဖြင့် အမြဲတမ်းသုံးခွင့်ရသွားပြီဖြစ်ပါသည်။ သွားသင့်သည့်/ လေ့လာသင့်သည့် website လိပ်စာများအား နောက် အပတ်တွင် ဆက်လက်ဖော်ပြပေးပါမည်။ အဓိက အားဖြင့် ပန်ကြားလိုသည်မှာ အကျိုးရှိသည့် ဗဟုသုတ ရနိုင်မည့်အကြောင်းအရာများအား ပို၍လေ့လာနိုင် ကြပြီး တွေးတောကြံဆ၍ ရှေ့ဆက်အမိမြန်မာပြည် အတွက် ကောင်းသောခြေလှမ်းသစ်များနှင့် အတူတကွ လျှောက်ကြပါစို့ဟု ကောင်းမှုတစ်ခု တောင်းဆုခြွေ လိုက်ပါသည်။ ။

**အလိုအလျောက် Download ဆွဲပြီး သတင်းများအား အသင့်ဖတ်နိုင်အောင်စီစဉ်ပေးထားသည့် APK ပေါင်း သောင်းခြောက်ထောင်တို့အား ကြိုက်ရာထည့်သွင်းပြီး net ဖွင့်၍ အသုံးပြုသူများပင်ဖြစ်ပါသည်။ အလိုအလျောက်ဒေါင်းသည်ဟု ဆိုထားပါသည်။ ဒေါင်းတာနှင့်တစ်ပြိုင်တည်း ငွေပါကုန်တော့မည်ဖြစ်ပါသည်။ APK အများကြီးတင်ထားလျှင် အများကြီးဒေါင်း၍ အများကြီးကုန်မည်ဖြစ်သဖြင့် ကိုယ်တိုင်ကျွမ်းကျွမ်းကျင်ကျင် နားလည်သည့် APK တစ်ခုသာလျှင် သုံးစေချင်ပါသည်။**



## Apple ၏ iPhone 7 နှင့် 7 Plus တို့၏ ထွက်ပေါ်မည့်ကာလနှင့်အချက်အလက်အချို့ကိုမိတ်ဆက်

ကမ္ဘာကျော် မိုဘိုင်းအီလက်ထရွန်နစ်လုပ်ငန်းကြီးတစ်ခု ဖြစ်သည့် Apple သည် ၎င်း၏အသစ်ထွက်ပေါ်မည့် မျိုးဆက်သစ် iPhone 7 နှင့် 7 Plus တို့၏ ထွက်ပေါ်မည့်ကာလနှင့် အချက်အလက်အချို့ကို မီဒီယာစာမျက်နှာများတွင် စတင်မိတ်ဆက် ပေးလိုက်ပြီဖြစ်သည်။ လာမည့် ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ဈေးကွက်အတွင်းသို့ရောက်ရှိမည်ဟု သတင်းများထွက်ပေါ်လာ ခဲ့ပြီး ၂၀၁၆ ခုနှစ် နှစ်လယ်ပိုင်းလောက်တွင် ပေါ်ထွက်မည်ဟု မီဒီယာများက ခန့်မှန်းထားကြသည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၉ ရက်က iPhone 6S နှင့် 6S Plus ကို စတင်ဖြန့်ချိပေးခဲ့ပြီး ယခုလအတွင်း iPhone 7 နှင့် 7 Plus တို့၏ သတင်းအချက်အလက် များ ပေါ်ထွက်လာခြင်းဖြစ်သည်။ မျက်နှာပြင်အကျယ် ၄ ဒသမ ၇ လက်မနှင့် ၅ ဒသမ ၅ လက်မရှိမည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီး ၅ ဒသမ ၅ မျက်နှာပြင်ကို ပိုမိုစိတ်ဝင်စားခြင်းခံရသည်။ ယခင် ထွက်ရှိပြီး အမျိုးအစားများထက် ပိုမိုပါးလွှာမည်ဖြစ်ပြီး ပါးလွှာ၍ မာကျောသော LCD မျက်နှာပြင်ပါဝင်လာမည်ဖြစ်သည်။ iPhone 7 နှင့် 7 Plus တွင် 3D ကင်မရာပါဝင်လာပြီး ကင်မရာ Sensors အား ကောင်းမွန်မည်ဖြစ်သည်။ A10 Processor အသုံးပြုထားပြီး M10 Motion Coprocessor ပါဝင်ကာ LTE Chip ထည့်သွင်းပေးထားသည်။ ကြိုးမဲ့အားသွင်းစနစ်နှင့် ကြိုးမဲ့နားကြပ်စနစ် ပါဝင်လာနိုင်ဖွယ်ရှိပြီး iOS 10 အသုံးပြုနိုင်မည်ဟု သိရသည်။ ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၉၀၀ နှင့် ၁၀၀၀ အတွင်းရှိနိုင်သည်ဟု ခန့်မှန်းကြသည်။

Alez - စုစည်းသည်



## Oppo မှ တန်ဖိုးနည်းမိုဘိုင်းဖုန်း ထုတ်လုပ်မည်

ဈေးနှုန်းချိုသာသော မိုဘိုင်းဖုန်းသစ်တစ်မျိုးကို Oppo မှထုတ်လုပ်မည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်တွင်ပါ နေရာရလာပြီဖြစ်သော တရုတ်နိုင်ငံအခြေစိုက် အဆင့်မြင့် မိုဘိုင်းဖုန်းလုပ်ငန်းတစ်ခုဖြစ်သည့် Oppo သည် အဆိုပါမိုဘိုင်းဖုန်းသစ်ကို A 33 ဟု အမည်ပေးထားသည်။ အရည်အသွေးအဆင့်မြင့်ပြီး တန်းဖိုးနည်းမိုဘိုင်းဖုန်း အမျိုးအစားတစ်မျိုးဖြစ်ရန် ရည်ရွယ်ထုတ်လုပ် သွားမည်ဟု သိရသည်။ အနောက်ဘက်ကင်မရာ 8 MP ရှိပြီး အရှေ့ဘက်ကင်မရာ 5 MP ပါဝင်လာဖွယ်ရှိသည်ဟု သိရသည်။ အလေးချိန် ၁၄၆ ဂရမ်သာရှိသော အဆိုပါမိုဘိုင်းဖုန်းတွင် မျက်နှာပြင်အကျယ် ၅ လက်မရှိပြီး 220ppi ရုပ်ထွက်အရည်အသွေးရှိမည်ဖြစ်သည်။ Qualcomm MSM8916 Snapdragon 410 Chipset အသုံးပြုထားပြီး 2 GB RAM ပါရှိကာ Internal Storage 16 GB ပါရှိမည်ဖြစ်သည်။ 4G Network အတွင်းအသုံးပြုနိုင်ပြီး ဆင်းကတ်နှစ်ကတ်ထည့်သွင်းအသုံးပြုနိုင်မည်ဟုသိရသည်။ ဈေးနှုန်းမှာ အမေရိကန် ဒေါ်လာ ၂၃၅ ဒေါ်လာဖြစ်သည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂ - ၁၂ -၂၀၁၅ (ဗုဒ္ဓဟူးနေ့)]

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် |
| ၅း၄၀ | "ဘာဝနာမပါရင် ဘဝနာမယ်" တရားတော် [ဆရာတော် ဘဒ္ဒန္တ မလာစာရ(ညောင်ပင်သာ ဆရာတော်)] |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၈း၀၀ | Cartoon Series (English Playground) |
| ၈း၃၅ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၉း၃၅ | အနုပညာမိုးကောင်းကင် |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |
| ၁၀း၄၅ | ရန်ကုန်မြင်ကွင်းကျယ် |
| ၁၀း၅၅ | ဟင်းချက်ရအောင် |
| ၁၁း၂၀ | MRTV-4 Stage |
| ၁၁း၅၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၆) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစီအိမ်" (အပိုင်း-၇) |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၂၈) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၂၉) |
| ၇း၂၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစီအိမ်" (အပိုင်း-၈) |
| ၈း၂၀ | ရသစုံညွှန်းတမ်းများ |
| ၈း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၅၃) |
| ၉း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၇) |
| ၁၀း၁၅ | Let's Talk |
| ၁၀း၄၅ | MRTV-4 Stage |
| ၁၁း၁၅ | World of Knowledge (Undercover USA Holly wood Homeless) |
| ၁း၄၅ | ဟင်းချက်ရအောင် |
| ၁၁း၃၀ | MRTV-4 Stage |
| ၃း၁၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစီအိမ်" (အပိုင်း-၈) |

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၆ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၄၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၅ | မွေးမြူသုတ |
| ၈း၃၀ | DVD Hits |
| ၈း၃၅ | ဇာတ်လမ်းတို |
| ၈း၅၀ | သူနှင့်သူ၏သီချင်းများ |
| ၉း၀၀ | စာပေအလင်းစာပေသတင်း |
| ၄း၁၅ | လျှပ်တစ်ပြက် |
| ၄း၂၅ | အမျိုးသားရေးတေးကဗျာ |
| ၄း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၅၅ | ရှေးဟောင်းသုတ |
| ၅း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၂၅ | ပန်းကလေးများပွင့်တော့မည် |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း (အပိုင်း-၉၅) |
| ၆း၀၆ | Amazing Cities |
| ၆း၁၅ | Meet Whith The Celebrities |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရွှေရောင်သက်တံများ (အပိုင်း-၄) - ရယ်စရာပျော်စရာ ဟာသကမ္ဘာ - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မောင်မောင့်ချစ်သူ လေဒီဒီဇိုင်နာ (အပိုင်း-၈) |

### mitv

| | |
|---|---|
| 07:03 | Am News |
| 07:26 | 19 Hours |
| 07:50 | Sightseeing in Yangon: Inya Lake |
| 08:26 | Myanmar Childhood Games (Episode-1) |
| 08:35 | SHWE SETTAW (Minbu) |
| 08:53 | Myanmar Puppet |
| 09:26 | A Snake Catcher |
| 09:37 | MONASTERY (Bargayar Kyaung) |
| 09:52 | Guiding Star of Song Birds |
| 10:26 | Myanmar Social & Charitable Association (Ep-1) Mingalar Byuha |
| 10:51 | Orchid Lover |
| 07:25 | To The Land Of Countless Temples - Bagan Trip (EP-1) |
| 07:51 | Delicacies From Magwe |
| 08:26 | Myanmar Traditional Identity (EP- 3) The Sphinx Of Egypt And The Manousiha Of Myanmar |
| 08:41 | Up Against The Tide |

# PSY ရဲ့တေးဗီဒီယိုသစ် "Daddy"

တောင်ကိုရီးယားကမ္ဘာကျော် တေးသံရှင်တစ်ဦးဖြစ်သည့် PSY၏ တေးဗီဒီယိုသစ် " Daddy "ကို ထုတ်လွှင့်ပြသခဲ့ကြောင်း ဒီဇင်ဘာ ၁ရက်တွင် အေ့စ်ရှိုးဘေ့စ်ဒေါ့ကွန်းက ဖော်ပြခဲ့သည်။

အဆိုပါ တေးဗီဒီယိုတွင် PSY က လက်ရှိသူ၏ပုံရိပ်အပြင် ကလေးငယ်တစ်ဦး၏ အသွင်နှင့် အဘိုးအိုတစ်ဦး၏ ပုံသဏ္ဌာန်တို့ကို ဖန်တီးသရုပ်ဆောင်ထားသည်။

အဆိုပါတေးဗီဒီယိုသည် PSY ၏ နောက်ဆုံးထွက်ရှိထားသော တေးအယ်လ်ဘမ်သစ် "7th Album Cider "တွင်ပါဝင်သည့် တေးသီချင်းများအနက် ပထမဦးဆုံးထုတ်လွှင့်ခဲ့သော တေးဗီဒီယိုဖြစ်သည်။ ယင်းတေးဗီဒီယိုတွင် တောင်ကိုရီးယားနာမည်ကျော် အမျိုးသမီးပေါ့ပ်အဆိုတော် CL က ပါဝင်ကူညီသီဆိုပေးထားပြီး တောင်ကိုရီးယားထိပ်တန်းမင်းသမီးချော ချာဂျီဝန်လည်း ပါဝင်သရုပ်ဆောင်ထားသည်။

ယခုထုတ်လွှင့်ခဲ့သည့် တေးဗီဒီယိုသည် PSY ၏နောက်ဆုံးထွက်ရှိခဲ့သော You Tube ဝက်ဘ်ဆိုက်တွင် လူကြည့်အများဆုံးသော တေးသီချင်းဖြစ်သည့် "Gangnam Style"ထွက်ရှိခဲ့ပြီးနောက် ပထမဦးဆုံးပြန်လည်ထွက်ရှိသည့် သူ၏တေးသီချင်းလည်းဖြစ်သည်။ ယခုထွက်ရှိသည့် တေးဗီဒီယိုတွင်လည်း "Gangnam Style" တေးသီချင်းကဲ့သို့ပင် မြူးကြွလှုပဆန်းသစ်သည့် PSY ၏ ကကွက်များလည်း ပါဝင်သည့် မြူးမြူးကြွကြွတေးသီချင်းတစ်ပုဒ်ပင် ဖြစ်သည်။



# Toy Story ရုပ်ရှင်သစ်စတင်ရိုက်ကူး




ဝေါ့ထ်ဒစ်စနေ၏ ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်များအနက် တစ်ခုဖြစ်သည့် ရုပ်သံဖန်တီးမှုရုပ်ရှင် ဇာတ်လမ်းတွဲ "Toy Story"၏ စတုတ္ထမြောက် ရုပ်ရှင်သစ်" Toy Story 4"ကို စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်တွင် အဓိကဇာတ်ဆောင်တစ်ဦးဖြစ်သော ဝူဒီနေရာတွင် အသံဖြင့်ပါဝင်သရုပ်ဆောင်ထားသည့် မင်းသား တွန်မ်ဟန့်စ်က " The Graham Norton Show" ရုပ်သံအစီအစဉ်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဆက်လက်ပြီး သူက ရုပ်ရှင်သစ်ထုတ်လွှင့်မည့်ရက်နှင့် ပတ်သက်၍လည်း ၂၀၁၈ ခုနှစ်အတွင်း အပြီးသတ်ထုတ်လုပ်သွားနိုင်ရန် ရည်ရွယ်ထားကြောင်းနှင့် ယခုနှစ် ဒီဇင်ဘာလအတွင်း အသံသွင်းခြင်းလုပ်ငန်းများကို စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း ဖွင့်ဟခဲ့သည်။

ယင်းရုပ်ရှင်သစ်တွင် အဓိကဇာတ်ဆောင်များဖြစ်သော ကောင်းဘွိုင်သစ်သားရုပ်လေးဝူဒီနှင့် သူ၏ချစ်သူ ဘိုပိပ်တို့၏အချစ်ဇာတ်လမ်းကို အဓိကဇာတ်လမ်းဆင်ရိုက်ကူးသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်၏ ဒါရိုက်တာဂျွန်လက်စတာက ပြောကြားခဲ့သည်။ ယင်းရုပ်ရှင်များ၏နောက်ဆုံးထွက်ရှိခဲ့သော တတိယမြောက်ရုပ်ရှင်တွင် ဘိုပိပ်ပျောက်ဆုံးနေသည်ကို ဝူဒီနှင့်သူငယ်ချင်းဖြစ်သူ ဘက်ဇ်တို့က ရှာဖွေကာပြန်လည်ခေါ်ဆောင်လာခဲ့ပြီးနောက် ယခုရိုက်ကူးမည့်ရုပ်ရှင်သစ်တွင် ဝူဒီနှင့် ဘိုပိပ်တို့၏ ကြည်နူးဖွယ်ဇာတ်လမ်းကို ခံစားကြရမည်ဖြစ်သည်။

Toy Story ရုပ်ရှင်သည် ပထမဦးဆုံးသော ကွန်ပျူတာရုပ်သံဖန်တီးမှုရုပ်ရှင်ဖြစ်ပြီး ပိုက်ဇာကုမ္ပဏီ၏ ပထမဦးဆုံးသော ရုံတင်ပြခဲ့သည့်ရုပ်ရှင်လည်းဖြစ်သည်။ ယင်းရုပ်ရှင်များကို ၁၉၉၅ ခုနှစ်က စတင်ထုတ်လုပ်ခဲ့ပြီး နောက်ဆုံးထွက်ရှိခဲ့သော တတိယမြောက်ရုပ်ရှင်ကို ၂၀၁၀ ခုနှစ်က ထုတ်လွှင့်ပြသခဲ့ခြင်းဖြစ်သည်။ ထွက်ရှိခဲ့ပြီးသော ယင်းရုပ်ရှင်သုံးကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ်စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ သန်း ၃၂၀ ရှိခဲ့ပြီး ကမ္ဘာတစ်ဝန်းရုပ်ရှင်ပြသမှုမှ ရရှိခဲ့သည့်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံရရှိခဲ့သည့် ဝင်ငွေကောင်းသော ရုပ်ရှင်ဖြစ်သည်။ နောက်ဆုံးရုံတင်ခဲ့သည့် တတိယမြောက်ရုပ်ရှင်သည်လည်း ဝင်ငွေအကောင်းဆုံးသောရုပ်ရှင် ၁၅ ကားအနက် ထိပ်ဆုံးမှ ရပ်တည်နိုင်ခဲ့သည်။


# အင်ဒီယာနာဂျုန်းစ်ရုပ်ရှင်သစ်ရိုက်ကူးလိုကြောင်း ဖွင့်ဟလာတဲ့စပီးလ်ဘာ့ဂ်

နာမည်ကျော် စွန့်စားခန်းရုပ်ရှင်ဇာတ်လမ်းတွဲများအနက် ကျော်ကြားသည့် " Indiana Jones" ရုပ်ရှင်များ၏ ဒါရိုက်တာ စတီဗင်စပီးလ်ဘာ့ဂ်က သူ့အနေဖြင့် ငါးခုမြောက် အင်ဒီယာနာဂျုန်းစ်ရုပ်ရှင်ကို ယင်းရုပ်ရှင်၏ ပင်တိုင်ဇာတ်ဆောင်မင်းသားကြီးဟယ်ရီစင်ဖို့ဒ်နှင့်ပင် ရိုက်ကူးသွားလိုကြောင်း ပြင်သစ်ရေဒီယိုသို့ ပြောကြားခဲ့သည်။

မင်းသားကြီး ဖို့ဒ်သည် ယခုအခါ အသက် (၇၃)နှစ်ရှိနေပြီဖြစ်သည့်အတွက် ရုပ်ရှင်သစ်ကို မင်းသားကြီးအသက် (၈၀)မပြည့်မီ အပြီးသတ်ရိုက်ကူးသွားလိုကြောင်းလည်း ဘာ့ဂ်က ဖွင့်ဟခဲ့သည်။

အသက် (၆၈)နှစ်အရွယ် ဒါရိုက်တာ စပီးလ်ဘာ့ဂ်က "တစ်နေ့မှာ ငါးကားမြောက် အင်ဒီယာနာဂျုန်းစ်ရုပ်ရှင်ကို ရိုက်ကူးသွားနိုင်မယ်လို့မျှော်လင့်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ မင်းသားကြီးဖို့ဒ်အသက် (၈၀) မပြည့်မီရိုက်ကူးချင်တာ။ ကျွန်တော်လည်း အသက်သိပ်မကြီးခင်ပေါ့ဗျာ" ဟု ဆိုခဲ့သည်။

အဓိကဇာတ်ဆောင် "အင်ဒီယာနာဂျုန်းစ်"အဖြစ် ပါဝင်သရုပ်ဆောင်ထားသော မင်းသားကြီးဟယ်ရီစင်ဖို့ဒ်သည် သူ၏ပထမဦးဆုံးသော အင်ဒီယာဂျုန်းစ်ရုပ်ရှင် " Raiders Of The Lost Ark"ကို လွန်ခဲ့သည့် ၃၄နှစ်အကြာက စတင်ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ယင်းရုပ်ရှင်၏ အဓိကဇာတ်ဆောင်အင်ဒီယာနာဂျုန်းစ်သည် သူ၏လက်စွဲတော်ကြာပွတ်ကို ကိုင်ဆောင်လေ့ရှိပြီး ယခုရိုက်ကူးရန် ရည်ရွယ်ထားသည့် ရုပ်ရှင်သစ်တွင် ၂၀၀၈ ခုနှစ်က ထွက်ရှိခဲ့သော အင်ဒီယာဂျုန်းစ်ရုပ်ရှင် "the Kingdom Of The Crystal Skull " တွင် မင်းသားကြီး၏ လက်ထောက်အဖြစ် ပါဝင်သရုပ်ဆောင်ထားသော မင်းသားရှီလာလဘော့ဖ်က မင်းသားကြီး၏ အမွေကိုဆက်ခံကာ ကြာပွတ်ကို ကိုင်ဆောင်သူ ဖြစ်လာလိမ့်မည်ဟုလည်း အများကထင်ကြေးပေးကြသည်။


"Raiders of The Lost Ark" မှ အင်ဒီယာနာဂျုန်းစ်

ယင်းအင်ဒီယာနာဂျုန်းစ်ရုပ်ရှင်များ၏ထုတ်လုပ်သူ ဖရန့်ခ်မာရှဲလ်က အဓိကဇာတ်ဆောင် အင်ဒီယာနာဂျုန်းစ်၏နေရာတွင် အခြားမည်သည့်မင်းသားကိုမျှ အစားထိုးရိုက်ကူးသွားရန် အစီအစဉ်မရှိကြောင်းနှင့် အခြားသူတစ်ဦးအား အင်ဒီယာနာဂျုန်းစ်အမည်တပ်မည်ကို သူ့အနေဖြင့် မလိုလားကြောင်း ပြီးခဲ့သည့်နိုဝင်ဘာလအတွင်းက ပြောကြားခဲ့သည်။

မင်းသားကြီး ဖို့ဒ်သည် အင်ဒီယာနာဂျုန်းစ်ရုပ်ရှင်များအပြင် "Star Wars" ရုပ်ရှင်များကြောင့် လည်း ကမ္ဘာကျော်ခဲ့သည့် သရုပ်ဆောင်တစ်ဦးဖြစ်သည်။

အေးပြည့် – ရေးသားသည်

# လာလီဂါတစ်နှစ်တာအကောင်းဆုံးကစားသမားဆု မက်ဆီဆွတ်ခူး

ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီသည် အဓိက ပြိုင်ဘက်ကစားသမား စီရိုနယ်လ်ဒိုအားကျော်လွန်ကာ ၂၀၁၄-၂၀၁၅ဘောလုံးရာသီ လာလီဂါတစ်နှစ်တာအကောင်းဆုံးကစားသမားဆုနှင့် အကောင်းဆုံးတိုက်စစ်ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။ ယင်းဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၃၀ ရက်က ကျင်းပခဲ့ခြင်းဖြစ်ပြီး လူမှုမီဒီယာများနှင့် ပရိသတ်များက ရွေးချယ်သော ပရိသတ်အကြိုက်ဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့သော စီရိုနယ်လ်ဒိုက ဆုချီးမြှင့်ပွဲသို့ တက်ရောက်ခဲ့ခြင်းမရှိပေ။ ရီးယဲလ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်က ဘာစီလိုနာကွင်းလယ်လူ အင်နီယေစတာနှင့် အက်သလက်ကြယ်ပွင့် ဂရစ်ဇ်မန်းတို့အား ကျော်လွန်ကာ အကောင်းဆုံးကွင်းလယ်ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ထို့ပြင် ဘာစီလိုနာနောက်ခံလူ ပီကေးနှင့် ဗလန်စီယာနောက်ခံလူ အော့တမန်ဒီတို့အား ကျော်ဖြတ်ကာ ရီးယဲလ်အသင်းခေါင်းဆောင်ရာမို့စ်က အကောင်းဆုံးနောက်ခံကစားသမားဆုကို ဆွတ်ခူးခဲ့သလို ဘာစီလိုနာဂိုးသမား ဘရာဗိုက အကောင်းဆုံးဂိုးသမားဆု၊ နေမာက အကောင်းဆုံး တောင်အမေရိက ကစားသမားဆု၊ ဖက်ဂ်ဟိုလီက အာဖရိကအကောင်းဆုံးကစားသမားဆု၊ စီရိုနယ်လ်ဒိုက ပရိသတ်အကြိုက်နှစ်သက်ဆုံးဆု၊ ဘာစီလိုနာနည်းပြအန်းနရစ်က အကောင်းဆုံးနည်းပြဆုကို အသီးသီးဆွတ်ခူးနိုင်ခဲ့ကြသည်။ **မေလွဲ့သင်း**



# ဗီလာကို ပရီမီယာလိဂ်တွင် တင်ကျန်အောင်စွမ်းဆောင်နိုင်မည်ဟု ဂါဒီယုံကြည်



အက်စတွန်ဗီလာ နည်းပြသစ် ဂါဒီက ၎င်း အနေဖြင့် ဗီလာအသင်းကို ပရီမီယာလိဂ်တွင် တင်ကျန်အောင် စွမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ဒေးလီစတားသို့ ပြောကြားလိုက်သည်။ ဗီလာသည် ပရီမီယာလိဂ်ပွဲစဉ်(၁၄)ပြီးဆုံးသည်အထိ ရမှတ်ငါးမှတ်သာရရှိထားသေးပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားအောက်ဆုံးနေရာတွင် ရပ်တည်နေသည်။ ဂါဒီကိုင်တွယ်ပြီးနောက် မန်စီးတီးနှင့်ပွဲတွင် သရေရလဒ်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့သော်လည်း နိုဝင်ဘာ ၂၂ ရက်က ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်၌ အဲဗာတန်အား လေးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သလို ဝက်ဖို့ဒ်အားရင်ဆိုင်ခဲ့သည့် ပွဲစဉ်တွင်လည်း အိမ်ကွင်း၌ပင် သုံးဂိုး-နှစ်ဂိုးဖြင့် ထပ်မံအရေးနိမ့်ခဲ့ပြန်ရာ ဗီလာ၏အနေအထားအပေါ် ပရိသတ်များက စိုးရိမ်လာကြခြင်းဖြစ်သည်။

ဂါဒီက ဗီလာအသင်းကို ၎င်းအနေဖြင့် လမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိအောင် ဆွဲတင်နိုင်မည်ဟု ယုံကြည်ထားကြောင်း၊ သို့သော် ၎င်းတာဝန်စတင်ယူသည့် အချိန်တွင်ဗီလာအသင်းမှာ နစ်မြုပ်ခါနီးအနေအထားသို့ ရောက်နေသော သဘောအလားဖြစ်နေသည့်အတွက် ရလဒ်ကောင်းတစ်ခုကို ချက်ချင်း ပြန်လည်ရောက်ရှိရန်မှာ မလွယ်ကြောင်း၊ ဗီလာအသင်းကို လမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိအောင်ဆွဲတင်နိုင်မည့် နည်းလမ်းပေါင်းစုံကို ကြံဆထားသောကြောင့် ရာသီသိမ်းချိန်တွင် ပရီမီယာလိဂ်တွင် တင်ကျန်နိုင်မည်ဟု ယူဆထားကြောင်း ဗီလာပရိသတ်များအား ကတိပြုပြောကြားခဲ့သည်။

**မေလွဲ့သင်း**

# ပီအက်စ်ဂျီအသင်း၌ ကစားသမားဘဝအဆုံးသတ်ရန် သီယာဂိုဆေးလ်ဗားစီစဉ်

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်း၏ အသင်းခေါင်းဆောင် သီယာဂိုဆေးလ်ဗားသည် ပီအက်စ်ဂျီအသင်း၌သာ ကစားသမားဘဝအဆုံးသတ်ရန် စီစဉ်ထားကြောင်းသိရသည်။ သီယာဂိုဆေးလ်ဗားသည် ၎င်း၏ လက်ရှိ စာချုပ်သက်တမ်းသည် ၂၀၁၈ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်ခြင်းကြောင့် ကစားသမားဘဝကို ပီအက်စ်ဂျီအသင်း၌သာ အဆုံးသတ်လိုကြောင်း အသင်းဥက္ကဋ္ဌ အယ်လ်ခီလိုင်ဖီအား ပြောကြားရန် စီစဉ်ထားကြောင်းလည်း အခိုင်အမာ ပြောကြားခဲ့သည်။

ဘရာဇီးနောက်တန်းကစားသမား သီယာဂိုဆေးလ်ဗားသည် ၂၀၁၂ ခုနှစ်တွင် အီတလီ စီးရီးအေကလပ် အေစီမီလန်အသင်းမှ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ပီအက်စ်ဂျီအသင်းနှင့်အတူ ဆုဖလားများစွာရယူပေးနိုင်ခဲ့သူ ဖြစ်သည်။

လက်ရှိတွင် အသက်အရွယ်အားဖြင့် (၃၁)နှစ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သောကြောင့် ပီအက်စ်ဂျီအသင်းမှ



အခြားကလပ်အသင်းများသို့ ပြောင်းရွှေ့မကစားလိုကြောင်းနှင့် ကစားသမားဘဝကိုလည်း ပီအက်စ်ဂျီအသင်း၌သာ အဆုံးသတ်လိုကြောင်းပြောကြားခဲ့သည်။

**ငွေကြယ်**

## ဒီဇင်ဘာ ၃ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပြင်သစ်လီဂူး**

**ပွဲစဉ် - ၁၆**

| | | | |
|---|---|---|---|
| မိုနာကို | - | ကာအန် | နံနက်-၀၀း၃၀ |
| ဂူအင်ဂမ့် | - | ရိမ်းစ် | နံနက်-၀၀း၃၀ |
| ထရိုယက်စ် | - | တူးလော့စ် | နံနက်-၀၀း၃၀ |
| မွန့်ပယ်လီယာ | - | ဂါဇီလက်စ် | နံနက်-၀၀း၃၀ |
| ဘက်စတီယာ | - | ဘော်ဒိုး | နံနက်-၀၀း၃၀ |
| လိုင်လီ | - | စိန့်အက်တီယန် | နံနက်-၂း၃၀ |

**ကက်ပီတယ်ဝမ်းဖလား**

**(ကွာတားဖိုင်နယ်)**

| | | | |
|---|---|---|---|
| ဆောက်သမ်တန် | - | လီဗာပူး | နံနက်-၂း၁၅ |

**မောင်မောင်ဇော်**

## မှူးယစ်ဆိုက ဆန်ကျင်ကြ

## ဘာစီလိုနာကို အန်တုဖို့ကြိုးစားမယ့်ဗလန်စီယာကြောင့် ပရိသတ်ကို ဆွဲဆောင်နိုင်ဦးမယ့်...

## စပိန်လာလီဂါရင်ခုန်သံ – ၁၄

*စပိန်လီဂါပွဲစဉ် (၁၄) ကို လာမယ့် ဒီဇင်ဘာ ၅၊ ၆၊ ၇၊ ၈ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ ဘာစီလိုနာဟာ ဗလန်စီယာနဲ့ဆုံတွေ့နေတာကြောင့် အကြိတ်အနယ်ရှိမယ့် ပွဲစဉ်တစ်ခုဖြစ်နေပြီး ဗလန်စီယာအနေနဲ့ ဘာစီလိုနာကို အန်တုနိုင်ပါ့မလားဆိုတာ စောင့်ကြည့်သွားရမှာပါ။*

**ရှိုင်းမင်းမင်း**



**ရီးယဲလ်မက်ဒရစ် - ဂီတာဖေး** ည ၉း၃၀ (၅-၁၂-၁၅)

ရီးယဲလ်မက်ဒရစ်ဟာ အခုနောက်ပိုင်းပွဲစဉ်တွေမှာ အမှတ်ဆုံးရှုံးမှုများခဲ့တာကြောင့် အမှားအယွင်း ထပ်မံအဖြစ်ခံမှာမဟုတ်တော့ပါဘူး။ ရီးယဲလ်မှာလူပြန်စုံလာပြီဖြစ်သလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဂီတာဖေးကတော့ အဝေးကွင်းခြေသာမန်သာရှိပါတယ်။ ရီးယဲလ်မက်ဒရစ်ပဲ အနိုင်ရမှာပါ။

**ဂရန်နာဒါ - အက်သလက်တီကို** ည ၁၁း၄၅ (၅-၁၂-၁၅)

ဂရန်နာဒါက ခြေစွမ်းပိုင်းတည်ငြိမ်မှု အားနည်းပါတယ်။ အိမ်ကွင်းပွဲစဉ်တွေမှာတောင် နိုင်ပွဲတစ်ပွဲသာ ရရှိထားပါတယ်။ အထူးသဖြင့် ထိုးစစ်ပိုင်းကအဆုံးသတ်ပိုင်း တည်ငြိမ်မှုမရှိပါဘူး။ အဲဒီလိုခြေ၊ အဲဒီလိုတိုက်စစ်အားနဲ့ အက်သလက်တီကိုကို တုံ့ပြန်ကစားဖို့ဆိုတာခက်ပါတယ်။ အက်သလက်တီကိုပဲ နိုင်ပွဲရမှာပါ။

**ဗလန်စီယာ - ဘာစီလိုနာ** နံနက် ၂း၀၀ (၆-၁၂-၁၅)

ဗလန်စီယာက ဒီရာသီမှာ ခြေစွမ်းတည်ငြိမ်မှု အားနည်းတာမှန်ပါတယ်။ ဒါပေမယ့် ဗလန်စီယာဟာ အိမ်ကွင်းပွဲစဉ်တွေမှာ ရှုံးပွဲမရှိသေးတဲ့အထိ ကစားပုံကောင်းတတ်ပြီး ခံစစ်ကလည်း ကျစ်လျစ်မှုရှိပါတယ်။ ဒါကြောင့် ဘာစီလိုနာတို့ အခက်အခဲတွေနဲ့ကြုံတွေ့ရနိုင်ပြီး ကပ်ပြီးသာနိုင်ပွဲရနိုင်ပါတယ်။

**ဒီပိုတီဗို - ဆီဗီလာ** နံနက် ၃း၃၀ (၆-၁၂-၁၅)

ဆီဗီလာခြေက တည်ငြိမ်မှုအားနည်းပါတယ်။ အထူးသဖြင့် အဝေးကွင်းပွဲစဉ်တွေမှာ ဆီဗီလာဟာ ခြေစွမ်းကျဆင်းမှုတွေနဲ့ ရင်ဆိုင်ရလေ့ရှိပြီး တိုက်စစ်ပိုင်းကအစ အဝေးကွင်းမှာ ဂိုးရနည်းတတ်ကာ အဝေးကွင်းနိုင်ပွဲလည်း မရသေးပါဘူး။ ဒီပို့တီဗိုတို့ အိမ်ကွင်းမှာ အနိမ့်ဆုံး သရေလောက်ကစားနိုင်မှာပါ။

**ဘက်တစ် - ဆယ်တာဗီဂို** နံနက် ၃း၃၅ (၆-၁၂-၁၅)

ဘက်တစ်က အခုနောက်ပိုင်း ကစားပုံမဆိုးဘူး။ ဒါပေမယ့် အိမ်ကွင်းပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းအားနည်းမှုတွေနဲ့ ရင်ဆိုင်ရတတ်သလို အိမ်ကွင်းရလဒ်ပိုင်းလည်း ကောင်းမွန်ခြင်းမရှိလို့ ဆယ်တာဗီဂိုကို ထိန်းချုပ်နိုင်ဖို့ ခက်ခဲမှာပါ။ ဆယ်တာဗီဂိုက အဝေးကွင်းလည်း ပိုကောင်းတတ်လို့ ဆယ်တာဗီဂိုပဲနိုင်ပွဲရမှာပါ။

**ဆိုစီဒက် - အီဘား** ညနေ ၅း၃၀ (၆-၁၂-၁၅)

အီဘားက လက်ရှိခြေစွမ်းမဆိုးပါဘူး။ အသင်းလိုက် ကစားပုံမဆိုးသလို အဝေးကွင်းပွဲစဉ်တွေမှာလည်း အမှတ်ရအောင် ကစားတတ်ပါတယ်။ ဆိုစီဒက်ကတော့ နည်းပြအပြောင်းအလဲကြောင့် ခြေစွမ်းပိုင်းအပြောင်းအလဲအချို့ ရှိလာပေမယ့် တည်ငြိမ်မှုတော့မရှိပါဘူး။ ဆိုစီဒက်တို့ အိမ်ကွင်းမှာ သရေလောက်ပဲကစားနိုင်မှာပါ။

**ဗီလာရီးယဲလ် - ဗယ်လီကာနို** ည ၉း၃၀ (၆-၁၂-၁၅)

ဗီလာရီးယဲလ်ဟာ ခြေစွမ်းပိုင်းကောင်းမွန်မှုရှိပါတယ်။ အထူးသဖြင့် ဗီလာရီးယဲလ်ဟာ အိမ်ကွင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုမိုထက်မြက်တတ်ပြီး အခုအချိန်အထိ အိမ်ကွင်း ရှုံးပွဲတစ်ပွဲသာရှိသေးသလို တိုက်စစ်ကလည်း ဂိုးသွင်းအား ပိုကောင်းတတ်တာကြောင့် ဗယ်လီကာနိုကို ဖိအားပေး ကစားသွားနိုင်မှာပါ။

**ဂီဂွန် - လက်ပဲလ်မက်စ်** ည ၁၁း၄၅ (၆-၁၂-၁၅)

ဂီဂွန်ခြေစွမ်းကသာမန်သာရှိပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေထက်မြက်မှုမရှိပါဘူး။ ဒါပေမယ့် တန်းတက်အသင်းဖြစ်တဲ့ လက်ပဲမက်စ်ကလည်း ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေပြီး အဝေးကွင်းမှာ အခုအချိန်အထိ နိုင်ပွဲမရသေးပါဘူး။ အိမ်ကွင်းမှာ ဂီဂွန်တို့ နိုင်ပွဲရသွားနိုင်ပါတယ်။

**ဘီဘာအို - မာလာဂါ** နံနက် ၂း၀၀ (၇-၁၂-၁၅)

မာလာဂါက ဒီရာသီမှာ ခြေစွမ်းပိုင်းအားနည်းမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ အထူးသဖြင့် မာလာဂါဟာ တိုက်စစ်ပိုင်းကစားပုံသိသိသာသာပျက်ယွင်းနေပြီး အဝေးကွင်းပွဲစဉ်တွေမှာလည်း နိုင်ပွဲမရသေးပါဘူး။ ဘီဘာအိုကတော့ အိမ်ကွင်းအားနဲ့ ဖိအားပေးသွားနိုင်မှာပါ။ ဘီဘာအိုပဲနိုင်ပွဲ ရသွားဖို့ရှိတယ်။

**အက်စပန်ညို - လီဗန်တေး** နံနက် ၂း၀၀ (၈-၁၂-၁၅)

လီဗန်တေးက နောက်ဆုံးပွဲစဉ်မှာ ဘက်တစ်ကို ရှုံးနိမ့်ခဲ့ရတာကြောင့် ရလဒ်ကောင်းဖို့ပြန်လည်အားစိုက်လာမှာပါ။ ဒါပေမယ့် အက်စ်ပန်ညိုက အိမ်ကွင်းကစားပုံကောင်းမွန်တဲ့အသင်းဖြစ်ပြီး ခံစစ်ကအိမ်ကွင်းပွဲစဉ်တွေမှာ ပိုမိုကျစ်လျစ်တတ်ပါတယ်။ အက်စ်ပန်ညိုပဲ အိမ်ကွင်းမှာ နိုင်ပွဲရသွားမှာပါ။

# မိဘများအားအသိမပေးဘဲ နေအိမ်မှထွက်လာသူ အမျိုးသမီးငယ်သုံးဦးအား အုပ်ထိန်းသူများထံ ရထားရဲတပ်ဖွဲ့က ပြန်လည်အပ်နှံ

**နေပြည်တော် ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ ကျော်ဇေယျာရပ်ကွက်နေ ဒေါ်သီတာမြင့်(၅၀) နှစ်က ၎င်း၏သမီးဖြစ်သူ မစိုးစန္ဒာ (၁၅)နှစ်ပါ အမျိုးသမီးငယ်သုံးဦးသည် မိဘများအား အသိပေးခြင်းမရှိဘဲ နေအိမ်မှထွက်ခွာသွားပြီး အမှတ်(၉၃၂) အစုန် မြစ်ကြီးနား-မန္တလေး ကုန်ရထားဖြင့် စီးနင်းလိုက်ပါသွား၍ ကူညီစုံစမ်းပေးရန် ရထားရဲတပ်ဖွဲ့ အမှတ်(၃) တပ်ခွဲ ရွှာထောင်ရထားရဲစခန်းသို့ နိုဝင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီခန့်က ဖုန်းဆက်အကြောင်းကြားခဲ့သည်။

ယင်းသို့အကြောင်းကြားချက်အရ မွန်းလွဲ ၁ နာရီခန့်က အဆိုပါရထား ရွာထောင်ဘူတာသို့ ဆိုက်ရောက်စဉ် ရွာထောင်ရထား ရဲစခန်းမှူးဦးစီးသည့် တပ်ဖွဲ့ဝင်များက ရထားပေါ်သို့ တက်ရောက်ရှာဖွေခဲ့ရာ ကုန်တွဲအလွတ် တွဲအမှတ်- GBHAV 4085 ၌ မစိုးစန္ဒာ (၁၅)နှစ်၊ မစန်းစန်းဝေ(၁၅)နှစ်နှင့် မသင်းမွန်ဦး (၁၅) နှစ်တို့အား တွေ့ရှိရသဖြင့် ရွာထောင်မီးရထားမေ့ာရုံတွင် ခေတ္တခေါ်ယူစောင့်ရှောက်ထားပြီး ၎င်းတို့၏မိဘဆွေမျိုးများထံသို့ ဆက်သွယ်အကြောင်းကြားခဲ့သည်။

မေးမြန်းချက်အရ အဆိုပါအမျိုးသမီးငယ်သုံးဦးသည် အချင်းချင်းတိုင်ပင်ပြီး မသင်းမွန်ဦး၏ အစ်ကိုဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ရွှေညောင်ပင်ရပ်ကွက်နေ လှမျိုးဦးထံ ပန်းရန်လုပ်ငန်းလုပ်ကိုင်ရန်အတွက် မိဘများ မသိအောင် နေအိမ်မှ ထွက်လာခဲ့ခြင်းဖြစ်ကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်မျှ သွေးဆောင်ဖြားယောင်းခေါ်ဆောင်ခြင်းမရှိကြောင်း သိရသဖြင့် ရွာထောင်ရထားရဲစခန်းမှူးက ၎င်းတို့၏အုပ်ထိန်းသူများထံ အမျိုးသမီးငယ်သုံးဦးအား ယင်းနေ့ည ၈ နာရီ ၅ မိနစ်ခန့်တွင် ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)



**လမ်းလျှောက်လာသူအမျိုးသားထံမှ လက်ကိုင်ဖုန်းလုယက်သူများကိုဖမ်းဆီး**

**ရန်ကုန် ဒီဇင်ဘာ ၁**

လှိုင်မြို့နယ် ကန်လမ်းထိပ်အနီး၌ လမ်းလျှောက်လာသူ အမျိုးသားတစ်ဦးထံမှ လက်ကိုင်ဖုန်းလုယက်မှုတစ်ခု နိုဝင်ဘာ ၂၈ ရက် ညပိုင်းကဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှိုင်မြို့နယ်နေ ပိုင်ငြိမ်းသက်သည် နိုဝင်ဘာ ၂၈ ရက် ည ၁၀ နာရီ မိနစ် ၄၀ ခန့်က အလုပ်မှနေအိမ်သို့ လှိုင်မြို့နယ် ကန်လမ်းအတိုင်း လမ်းလျှောက်ပြန်လာစဉ် ဦးမောင်မောင်ခြံလမ်းနှင့် ကန်လမ်းထိပ်အရောက် နောက်ဘက်မှ လူငယ်သုံးဦးလိုက်လာပြီး ၎င်းတို့အနက်တစ်ဦးက ဆံပင်ဆောင့်ဆွဲကာ ထိုးကြိတ်၍ ကျန်နှစ်ဦးက ဘီယာပုလင်း၊ ကျောက်ခဲတို့နှင့်ထုရိုက်ခဲ့ကြပြီး ဆံပင်ဆွဲထိုးကြိတ်သူလူငယ်က ပိုင်ငြိမ်းသက်၏ ဘောင်းဘီအိတ်အတွင်း ထည့်ထားသော HUAWEI G6 အမျိုးအစား ဆင်းကတ်နှစ်ကတ်ပါ လက်ကိုင်ဖုန်းအား လုယူထွက်ပြေးသွားခဲ့သဖြင့် ၎င်းကပတ်ဝန်းကျင်အား အော်ဟစ်အကူအညီ တောင်းခံခဲ့သည်။

ယင်းသို့ ပိုင်ငြိမ်းသက်မှ အကူအညီတောင်းခံသည်ကို ပြည်သူတစ်ဦးက ကြား၍ လှိုင်မြို့မရဲစခန်းမှ လှည့်ကင်းအဖွဲ့သို့ ဆက်သွယ်အကြောင်းကြားခဲ့သဖြင့် စက်ဘီးလှည့်ကင်းအဖွဲ့က အခင်းဖြစ်နေရာသို့ရောက်ရှိပြီး လိုက်လံဖမ်းဆီးခဲ့ရာ ပြစ်မှုကျူးလွန်ခဲ့သူ လှိုင်မြို့နယ်နေသူများဖြစ်သည့် သန့်ဇင်၊ အောင်သန်းဌေးနှင့် စည်သူတို့အားသက်သေခံပစ္စည်းလက်ကိုင်ဖုန်းနှင့်အတူဖမ်းဆီးရမိခဲ့သည်။

ယင်းသို့ လုယက်မှုကျူးလွန်ခဲ့ကြသူ သန့်ဇင်ပါသုံးဦးတို့အား လှိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

